မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၃ ရက်၊ စနေနေ့ အတွဲ (၆၁)၊ အမှတ် (၃၃၃)

ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟာသဝဂ်(ဓမ္မပဒ-၁၁၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော် တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်မည်

နေပြည်တော် စက်တင်ဘာ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရ၊ အရှေ့ဖျားစီးပွားရေးဖိုရမ် (EEF) ၏ ဖိတ်ကြားချက်အရ မကြာမီရက်ပိုင်းအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗလာဒီဗောဇ္စတောဂ်မြို့တွင် စက်တင်ဘာ ၅ ရက်မှ ၈ ရက်အထိ ကျင်းပပြုလုပ်မည့် (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်-၂၀၂၂ (The 7th Eastern Economic Forum 2022)သို့ ပါဝင်တက်ရောက်ခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများ အကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ပထမအကြိမ် အစည်းအဝေးကျင်းပ

Road Safety ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ခိုင်ခိုင်မာမာ ပြဋ္ဌာန်းခြင်း၊ စည်းကမ်းလိုက်နာရန် တွန်းအားပေးခြင်းနှင့် စစ်ဆေးအရေးယူခြင်းတို့ကို အလေးထားဆောင်ရွက်ကြရမည်

နေပြည်တော် စက်တင်ဘာ ၂

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council- NRSC) ပထမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်

စာမျက်နှာ ၃ ကော်လံ ၁ ◆

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီ (National Road Safety Council-NRSC) ပထမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ယနေ့ ဖတ်စရာ

- မြန်မာနိုင်ငံမှ သီရိလင်္ကာ နိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၀ လှူဒါန်း — ပြည်တွင်းသတင်း — စာ - ၅
- ကျင့်ဝတ်နှင့် ကိုယ်ရည်ကိုယ်သွေး — ဆောင်းပါး — စာ - ၆
- အီရတ်နိုင်ငံသည် ဩဂုတ်လတွင် ရေနံစိမ်းစည်ပေါင်း သန်း ၁၀၀ ကျော် တင်ပို့နိုင် — နိုင်ငံတကာသတင်း — စာ - ၁၃
- ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၈၄ ဦးအနက် ၇၉ ဦးမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ် — ပြည်တွင်းသတင်း — စာ - ၁၅

ပဲခူးတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲကျင်းပ ပြိုင်ပွဲဝင် မောင်/မယ်များ နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုများရနိုင်သည်အထိ ကြိုးစားယှဉ်ပြိုင်စေလို

ပဲခူး စက်တင်ဘာ ၂

မြန်မာ တိုင်းရင်းသားများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်စေရန်နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုရှိစေရေး တို့ကို ဦးတည်ရည်မှန်းကာ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအား ပြန်လည် ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။

စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက ပဲခူးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် ပဲခူးတိုင်းဒေသကြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုကျင်းပသည့် ပွဲတော်သည် မြန်မာ့ယဉ်ကျေးမှုကို ဖော်ပြသည့်ပွဲတော် တစ်ခုဖြစ်ကြောင်း၊ မျိုးဆက်သစ်များအနေဖြင့် တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း၊ ပြိုင်ပွဲဝင် မောင်/မယ်များအနေဖြင့် နိုင်ငံတော်အဆင့် ပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိနိုင်သည်အထိ ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက (၂၃)ကြိမ်မြောက် ပဲခူးတိုင်းဒေသကြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အောက်ပုံ)**

ယင်းနောက် ပြိုင်ပွဲဝင်များက ဗိုလ်ရှူသဘင်သီချင်းဖြင့် လည်းကောင်း၊ မင်းသားအကဖြင့် လည်းကောင်း၊ အိုးစည်အတီး အကဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုငွေများ ပြန်လည်ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ မြို့တော်ခန်းမ ဗုဒ္ဓအသံဓမ္မဗိမာန်နှင့် သီရိဟံသာခန်းမတို့တွင် အနုသုခုမ ပညာရှင်/ဝါသနာရှင် စုစုပေါင်း ၁၃၉ ဦး၏ အဆို၊ အက၊ အရေး၊ အတီး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး ကျွန်းမာရေးဦးစီးဌာနရှိ ဆေးဘက်ကျွမ်းကျင်-၄ (ဓာတ်မှန်/ဆေးစပ်) နှင့် စိစစ်ရေးမှူး-၄ (ဆေးမှတ်တမ်း) သင်တန်းဖွင့်ပွဲသို့ တက်ရောက်ခဲ့ကြောင်းနှင့် အဆိုပါသင်တန်းကို သင်ကြားရေး ဆေးရုံဖြစ်သော ပဲခူး၊ တောင်ငူနှင့် ပြည် ဆေးရုံကြီးများတွင် ခြောက်လကြာ စာတွေ့/လက်တွေ့ သင်ကြား ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ရုပ်သိမ်းကြောင်း အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသူများကို စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။ ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ရယူထားသူ ဒေါ်စိုးစိုးထက် (ကန္တာရဝတီတိုင်း(မ်)ဂျာနယ်) သည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(၁)ပါ စည်းကမ်းချက်ကို လိုက်နာခြင်းမရှိဘဲ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးတို့ကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်း တန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့ကို သော်လည်းကောင်း ထိခိုက်စေမည့် အကြောင်းအရာများကို လွှင့်တင်ဖော်ပြခဲ့သည့်အတွက် ၎င်းအားထုတ်ပေးထားသည့် ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ၂၀၂၂ ခုနှစ် သြဂုတ် ၂၉ ရက်မှ စတင်၍ ရုပ်သိမ်းလိုက်ကြောင်းနှင့် ၎င်းဂျာနယ်အနေဖြင့် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ဖော်ပြခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

နေပြည်တော် စက်တင်ဘာ ၂

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **"လှပသာယာ ပြည်မြန်မာ"**ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှု၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသောဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရမည်ဖြစ်သည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျောဘက်၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင် ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၂ ရက်နေ့ ညနေ ၄ နာရီနောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၈၃၇၁၃၄၂ ၊ ၀၁-၈၂၀၁၉၃၆ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့အလင်း

လိုအပ်နေချိန်တွင် လှူဒါန်းနိုင်ခဲ့သည့် ဝမ်းမြောက်သာဓုခေါ်ဖွယ်အလှူ

မကြုံစဖူး စီးပွားရေး အကျပ်အတည်းနှင့် ရင်ဆိုင်နေရခြင်းကြောင့် နိုင်ငံသူ နိုင်ငံသားပြည်သူ ၂၂ သန်းခန့်အတွက် စားနပ်ရိက္ခာ၊ စက်သုံးဆီနှင့် ဆေးဝါးစသည်တို့ နိုင်ငံခြားမှ တင်သွင်းရန် အခက်အခဲဖြစ်ပေါ်နေသည့် သီရိလင်္ကာနိုင်ငံအတွက် မြန်မာနိုင်ငံက ဆန်တန်ချိန် ၁၀၀၀ လှူဒါန်းခြင်းဖြင့် စာနာမှုကို ပြသလိုက်သည်။ ဆင်ဟွာသတင်းဌာန၏ သတင်းတစ်ရပ်တွင် သီရိလင်္ကာနိုင်ငံ၌ စားနပ်ရိက္ခာ ပြတ်လပ်မှုဖြစ်ပေါ်နေပြီး ပြည်သူတစ်သန်းခွဲအတွက် အရေးပေါ်စားနပ်ရိက္ခာ အကူအညီများ လိုအပ်လျက်ရှိသည်ဟု ကုလသမဂ္ဂစားနပ်ရိက္ခာ အစီအစဉ်က ပြောကြားကြောင်း ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ တစ်ကမ္ဘာလုံးကို ကူးစက်ပျံ့နှံ့မှုနှစ်ရှည်ကြာလာခြင်းနှင့် အမေရိကန်၊ ဥရောပတို့ ပါဝင်ပတ်သက်နေသည့် ရုရှား - ယူကရိန်းစစ်ပွဲတို့က ကမ္ဘာ့နိုင်ငံများစွာတို့ကို ဂယက်ရိုက်ခတ်မှုကြီးမားခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး ကျဆင်းမှု၊ ငွေကြေးဖောင်းပွမှု၊ လောင်စာဆီဈေးနှုန်းများ အဆမတန်တက်လာမှု၊ အစားအစာဈေးနှုန်းများ မြင့်တက်လာမှုအပြင် အချို့စားသောက်ကုန် ပြတ်လပ်မှုတို့ ဖြစ်ပေါ်လျက်ရှိရာ အမေရိကန်ကဲ့သို့သော ကမ္ဘာ့ထိပ်တန်းနိုင်ငံလည်း မလွတ်ကြောင်း ကမ္ဘာ့သတင်းများ၌ တွေ့ရသည်။ ယင်းသို့သော အခြေအနေတွင် နှစ်ပေါင်း ၂၀ အတွင်း အာရှပစိဖိတ်ဒေသမှ နိုင်ငံခြားကြွေးမြီမဆပ်နိုင်သော ပထမဆုံးနိုင်ငံဘဝသို့ ကျရောက်သွားခဲ့ရသည့် သီရိလင်္ကာနိုင်ငံမှာလည်း နိုင်ငံခြားငွေပြတ်လပ်မှုနှင့်အတူ နိုင်ငံခြားမှ တင်သွင်းနေရသည့် အစားအစာ၊ ဆေးဝါးနှင့် စက်သုံးဆီပြတ်လပ်မှုတို့နှင့် ရင်ဆိုင်လာရခြင်းဖြစ်သည်။

သီရိလင်္ကာနိုင်ငံသည် အိန္ဒိယတိုက်ငယ်၏ တောင်ဘက်စွန်းတွင်ရှိသည့် ကျွန်းနိုင်ငံတစ်ခုဖြစ်ပြီး ရေ၊ မြေသဘာဝ အခြေအနေအရ ဆန်စပါးစိုက်ပျိုးနိုင်သည့် မြေပြန့်လွင်ပြင်တို့ နည်းပါး၍ ကျောက်မြေတို့ များပြားသည်။ ဒေသအချို့တွင် မိုးရေကလည်း စပါးစိုက်ပျိုးနိုင်အောင်မရ။ သို့ဖြစ်ရာ နိုင်ငံ၏ အဓိကထုတ်ကုန်မှာ လက်ဖက်၊ ရော်ဘာ၊ အုန်းသီး၊ အုန်းဆံတို့ဖြစ်ပြီး ကိုကိုး၊ ကော်ဖီစသည်တို့ကိုလည်း ထုတ်လုပ်နိုင်သည့်တိုင် ဆန်စပါးထုတ်လုပ်မှု မလုံလောက်သည့်အတွက် မြန်မာနိုင်ငံ အပါအဝင် ပြည်ပမှ တင်သွင်းရသည်။ စီးပွားရေး အကျပ်အတည်းနှင့် ရင်ဆိုင်လာရသည့်အခါ ပြည်ပမှ တင်သွင်းရသည့် အစားအစာကိုလည်း မတင်သွင်းနိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ လှူဒါန်းလိုက်သည့် ဆန်တန်ချိန် ၁၀၀၀ သည် မကြာမီ ရက်အနည်းငယ်အတွင်း သီရိလင်္ကာနိုင်ငံသို့ ရောက်ရှိကာ အရေးပေါ်စားနပ်ရိက္ခာ လိုအပ်နေသည့် ပြည်သူများထံသို့ ရောက်ရှိသွားပေလိမ့်မည်။ ဆန်များ လွှဲပြောင်းလှူဒါန်းသည့် အခမ်းအနားတွင် သီရိလင်္ကာ သံအမတ်ကြီးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများကို အထူးကျေးဇူးတင်ရှိကြောင်းနှင့် စီးပွားရေး အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည့် သီရိလင်္ကာနိုင်ငံ၏ လတ်တလော အခြေအနေတွင် ယခုကဲ့သို့ လှူဒါန်းခြင်းသည် များစွာအထောက်အကူဖြစ်ပါကြောင်း ပြောကြားခဲ့ရာ အမှန်တကယ်လိုအပ်နေချိန်တွင် လှူဒါန်းနိုင်ခဲ့ခြင်းက ဝမ်းမြောက်ဖွယ်ရာ လူရော နတ်ပါ သာဓုခေါ်ဖွယ်ရာပင် ဖြစ်ပါကြောင်း။ ။

◆ *ရှေ့ဖုံးမှ*

ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြို့တော်ဝန်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။ **(ယာပုံ)**



ပထမအကြိမ် အစည်းအဝေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ လက်ထက်တွင် အသစ်ဖွဲ့စည်းခဲ့သော အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ ပထမအကြိမ်အစည်းအဝေးဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များကို National Road Safety Action Plan (2021–2030) နှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ယခင် NRSC ၏ လုပ်ဆောင်ခဲ့မှုများအပေါ် ပြန်လည်သုံးသပ်ပြီး ပိုမိုတိုးတက်အောင်မြင်စေမည့် ရှေ့လုပ်ငန်းစဉ်များနှင့် အစီအမံများဖော်ဆောင်နိုင်ရေးအတွက် ယနေ့အစည်းအဝေးကို ခေါ်ယူကျင်းပရခြင်းဖြစ်ကြောင်း။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုသည်မှာ ယာဉ်မတော်တဆဖြစ်မှုများနှင့် အဆိုပါမတော်တဆမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ထိခိုက်ဒဏ်ရာရမှုများနှင့် သေဆုံးမှုများလျော့နည်းကျဆင်းသွားရန်၊ ထိုမှတစ်ဆင့် လုံးဝပျောက်သွားအောင် စီမံအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သို့သော် အဆိုပါကိစ္စရပ်သည် ကျယ်ပြန့်သည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် ပြည်သူတစ်ဦးချင်းစီက စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ တိုးတက်အောင်မြင်မှုရရှိနိုင်မည့် လုပ်ငန်းသဘာဝမျိုးဖြစ်ကြောင်း။

ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှု

ယာဉ်အန္တရာယ်ကင်းရှင်းရေးကို ဦးတည်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ခဲ့သည့် Global Status Report on Road Safety (2018) အရ တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် Road Accident ကြောင့် နှစ်စဉ်ပျမ်းမျှ လူ(၁ ဒသမ ၃) သန်းခန့် အသက်ဆုံးရှုံးနေကြရပြီး လူဦးရေသန်း ၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိနေကြရကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးရှိ လူဦးရေ တစ်သိန်းတွင် ယာဉ်မတော်တဆမှု ကြောင့် သေဆုံးမှုနှုန်း (၁၈ ဒသမ ၂) ရာခိုင်နှုန်းဖြစ်ပြီး အာဖရိကနှင့် အရှေ့တောင်အာရှဒေသများတွင် သေဆုံးမှုနှုန်းအများဆုံးဖြစ်ကြောင်း၊ လူများ သေဆုံးရသည့် အကြောင်းရင်းများတွင် Road Accident ကြောင့် သေဆုံးရခြင်းသည် အဆင့် (၈) နေရာတွင် ရှိပြီး အသက်(၅)နှစ်မှ (၂၉)နှစ်အတွင်းရှိ လူ့အဖွဲ့အစည်း၏ အဖိုးတန်ကလေးသူငယ်၊ လူငယ် လူရွယ်များ သေဆုံးခြင်းတွင် အဆင့်(၁) အကြောင်းရင်းဖြစ်နေသည်ကို လေ့လာတွေ့ရှိရကြောင်း။

ထိခိုက်ဆုံးရှုံးမှုများ များပြား

ထို့ပြင် Road Accident ကြောင့် နိုင်ငံအများစုတွင် နှစ်စဉ် GDP ၏ ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းခန့် အထိ ဆုံးရှုံးနေရပြီး ထိုထိခိုက်ဆုံးရှုံးနစ်နာမှုများသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အများဆုံး ရင်ဆိုင်နေကြရကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အချိန်နှင့်အမျှ ယာဉ်အသုံးပြုမှု ပိုမိုတိုးတက်များပြားလာပြီး ယာဉ်အရေအတွက် လျင်မြန်စွာတိုးပွားလာမှုအပေါ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အစီအမံများ လုံလောက်ပြည့်စုံအောင် အချိန်မီ ဆောင်ရွက်ကြရန် ပျက်ကွက်ခဲ့ကြသည့်အတွက် ယခုကဲ့သို့ ထိခိုက်ဆုံးရှုံးမှုများ များပြားနေရခြင်းဖြစ်ကြောင်း။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဖြစ်ပွားမှုများသည် အလွန်ကြီးမားသည့် ခြိမ်းခြောက်မှုအဖြစ် တဖြည်းဖြည်းကြီးထွားလာနေခြင်းကို ဟန့်တားထိန်းချုပ်နိုင်ရေးအတွက် ကမ္ဘာတစ်ဝန်းလုံးတွင် Road Safety ကိစ္စရပ်ကို အထူးအလေးအနက်ထား ဆောင်ရွက်လာကြသည်မှာ ဒုတိယဆယ်စုနှစ်အတွင်း ရောက်လာခဲ့ပြီဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပခဲ့သည့် Global Ministerial Road Safety Conference မှ တစ်ဆင့် Moscow Declaration ကို ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ အဆိုပါ Moscow Declaration ကိုအခြေခံ၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဆယ်စုနှစ်လှုပ်ရှားမှု (၂၀၁၁–၂၀၂၀) Decade of Action for Road Safety(2011–2020)ကို ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အလားတူ အာဆီယံနိုင်ငံများ၌လည်း ASEAN Regional Road Safety Strategic Plan ကိုရေးဆွဲချမှတ်ခဲ့ပြီး နိုင်ငံတစ်နိုင်ငံချင်းအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း National Road Safety Action Plan(2014–2020) ကို ရေးဆွဲချမှတ်ပြီး Road Safety ဆိုင်ရာလုပ်ငန်းစဉ်များကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်

ယာဉ်အန္တရာယ် ကင်းရှင်းရေးလုပ်ငန်းသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ် ဖြစ်လာသည့်အတွက် Decade of Action for Road Safety လှုပ်ရှားမှုများ အလေးထားဆောင်ရွက်နေကြသကဲ့သို့ တစ်ဖက်တွင်လည်း ကမ္ဘာလုံးဆိုင်ရာ Sustainable Development Goals (SDG)၏ Article 3.6 တွင် ယာဉ်မတော်တဆထိခိုက်မှုကြောင့် သေဆုံးသူအရေအတွက်ကို ၅၀ ရာခိုင်နှုန်းအထိလျော့ချရေး ရည်မှန်းထည့်သွင်းရေးဆွဲပြီး ကမ္ဘာ့နိုင်ငံအသီးသီးက တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တာဝန်သိ၊ တာဝန်ကျေသည့် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံဝီသစ္စာ အကောင်းဆုံးပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မဏ္ဍိုင်ကြီး(၅)ရပ်ကို ချမှတ်ဖော်ဆောင်

ကမ္ဘာလုံးဆိုင်ရာ Decade of Action for Road Safety ကို အကောင်အထည်ဖော်ရာတွင် **"ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကြီးကြပ်မှု (Road Safety Management)"**၊ **"ပိုမိုအန္တရာယ်ကင်းသော လမ်းများနှင့် ယာဉ်သွားလာမှု (Safer Road and Mobility)"**၊ **"ပိုမိုအန္တရာယ်ကင်းသောယာဉ်များ (Safety Vehicles)"**၊ **"ပိုမိုအန္တရာယ်ကင်းသည့် လမ်းအသုံးပြုသူများ (Safer Road Users)"**နှင့် **"ယာဉ်တိုက်ခိုက်မှုဖြစ်ပြီးပြီးချင်း တုံ့ပြန်ဆောင်ရွက်မှု(Post–Crash Response)"** ဆိုသည့် မဏ္ဍိုင်ကြီး(၅)ရပ်ကို ချမှတ်ဖော်ဆောင်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ၏ ယခင် NRSC များအနေဖြင့် အဆိုပါမဏ္ဍိုင်ကြီး (၅)ရပ်ကို အခြေပြု၍ Road Safety လုပ်ငန်းစဉ်များကို အလေးထားကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပြီး ထိုက်သင့်သည့် တိုးတက်အောင်မြင်မှုများလည်း ရရှိခဲ့ကြပြီးဖြစ်ကြောင်း။

ယခု ယာဉ်အန္တရာယ်ကင်းရှင်းရေး လှုပ်ရှားမှု၏ ဒုတိယဆယ်စုနှစ်ကာလအတွက် ရေးဆွဲအတည်ပြု ထုတ်ပြန်ထားခဲ့ပြီးဖြစ်သည့် Myanmar National Road Safety Action Plan (2021–2030) ပါ ရည်မှန်းချက်များ၊ လုပ်ငန်းအစီအမံများနှင့်အညီ မိမိတို့ NRSC အနေဖြင့် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စနစ်တကျစစ်ဆေးကြပ်မတ်

Road Safety ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လမ်းအသုံးပြုသူများကို လေ့ကျင့်ပညာပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ခိုင်ခိုင်မာမာပြဋ္ဌာန်းခြင်း၊ စည်းကမ်းလိုက်နာရန် တွန်းအားပေးခြင်းနှင့် စစ်ဆေးအရေးယူခြင်းတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ မော်တော်ယာဉ်များအသုံးပြုမှုနှင့် ကြံ့ခိုင်မှုကို စနစ်တကျစစ်ဆေးကြပ်မတ်ခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအစီအမံများ ပြည့်ပြည့်စုံစုံတပ်ဆင်စေခြင်းကိုလည်း စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ယာဉ်များမောင်းနှင်အသုံးပြုမည့် လမ်းများ၏ ဒီဇိုင်းမှန်ကန်ရေး၊ လမ်းများကို စံချိန်စံညွှန်းကိုက်ညီအောင် တည်ဆောက်ရေးနှင့် ပုံမှန်ပြုပြင်ထိန်းသိမ်းရေးစသည့် လမ်းအရည်အသွေးဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း မပျက်မကွက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့

- **တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် Road Accident ကြောင့် နှစ်စဉ်ပျမ်းမျှ လူ (၁ ဒသမ ၃) သန်းခန့် အသက်ဆုံးရှုံးနေကြရပြီး လူဦးရေသန်း ၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိနေကြရ**
- **ကမ္ဘာတစ်ဝန်းလုံးရှိ လူဦးရေတစ်သိန်းတွင် ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုနှုန်း (၁၈ ဒသမ ၂) ရာခိုင်နှုန်းဖြစ်ပြီး အာဖရိကနှင့် အရှေ့တောင်အာရှဒေသများတွင် သေဆုံးမှုနှုန်း အများဆုံးဖြစ်**
- **လူများသေဆုံးရသည့် အကြောင်းရင်းများတွင် Road Accident ကြောင့် သေဆုံးရခြင်းသည် အဆင့် (၈) နေရာတွင် ရှိပြီး အသက်(၅)နှစ်မှ (၂၉)နှစ်အတွင်းရှိ လူ့အဖွဲ့အစည်း၏ အဖိုးတန်ကလေးသူငယ်၊ လူငယ်လူရွယ်များ သေဆုံးခြင်းတွင် အဆင့်(၁) အကြောင်းရင်းဖြစ်နေသည်ကို လေ့လာတွေ့ရှိရ**

- Road Safety နှင့် ပတ်သက်၍ အဓိကတာဝန်ရှိကြသည့် ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များအနေဖြင့် အလေးနက်ထား ကြိုးပမ်းအားထုတ် ပူးပေါင်းဆောင်ရွက်ကြရမည်
- ၂၀၃၀ ပြည့်နှစ်တွင် ယာဉ်တိုက်ခိုက်မှုကြောင့် သေဆုံးသူဦးရေ တွက်ချက်မှု အခြေခံနှစ်ဖြစ်သည့် ၂၀၁၉ ခုနှစ် သေဆုံးမှု၏ ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရေး အဓိကရည်မှန်းချက်ကို မျက်မြင်ပြတ်မခံဘဲ စဉ်ဆက်မပြတ် အရှိန်အဟုန်မြင့် ဆောင်ရွက်သွားကြရမည်

စာမျက်နှာ ၃ မှ

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် 5 Es System ဟု ခေါ်ဆိုသည့် Education(ပညာပေးခြင်း)၊ Engineering (အင်ဂျင်နီယာပိုင်းဆိုင်ရာ ကောင်းမွန်ခြင်း)၊ Enforcement (ဥပဒေအရ အရေးယူခြင်း)၊ Emergency Medical Care (အရေးပေါ်ဆေးကုသမှုပေးခြင်း)နှင့် Evaluation (အကျိုးရလဒ်ကို သုံးသပ်အကဲဖြတ်ခြင်း) တို့ကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ 5 Es ကို အခြေခံကာ မိမိနိုင်ငံ အဓိကရင်ဆိုင်နေရသည့် မြေပြင်လက်တွေ့ပြဿနာများကို မှန်မှန်ကန်ကန် သုံးသပ်ပြီး အချိန်တိုအတွင်း ထိရောက်မြန်ဆန်စွာ ဖြေရှင်းဆောင်ရွက်နိုင်မည့် ဦးစားပေးကဏ္ဍ ရွေးချယ်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အလားတူ Road Safety နှင့် ပတ်သက်၍ Strategy, Structure, Skills, Shared, Systems, Staff, Style ဆိုသည့် 7s Implementation Framework ကို အခြေခံကာ ချဉ်းကပ်လေ့လာသုံးသပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များအားလုံးကို NRSC အနေဖြင့် Leading Council အဖြစ် တာဝန်ယူပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်အားလုံး ဟန်ချက်ညီ ပူးပေါင်းပါဝင်လာနိုင်အောင် စနစ်တကျ စုစည်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အကြံပြုဆွေးနွေး

ယနေ့အစည်းအဝေးတွင် NRSC ဆပ်ကော်မတီ (၄)ရပ်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီများ အနေဖြင့် ယခင် Action Plan ပါ လုပ်ငန်းစဉ်များ၊ Quick-Win အစီအမံများ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို လေ့လာသုံးသပ်ကြရန်၊ အတွေးသစ်၊ အကြံသစ်၊ ဉာဏ်သစ်များကို အခြေခံ၍ မိမိနိုင်ငံ၏ ပကတိအခြေအနေမှန်နှင့် ကိုက်ညီ ဆီလျော်သော လုပ်ငန်းစဉ်များ ဖော်ထုတ်နိုင်ရန် လုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် ထိရောက်လျင်မြန်အောင်မြင်စေနိုင်မည့် နည်းလမ်းကောင်းများ ရရှိနိုင်ရန် အကြံပြုဆွေးနွေးကြစေလိုကြောင်း။

ယာဉ်မတော်တဆမှုဆိုသည်မှာ အဓိကအားဖြင့် လူ့ပယောဂကြောင့် ပေါ်ပေါက်လာရသည့် ပြဿနာဖြစ်သည့်အတွက် လူတစ်ဦးချင်းစီ ကိုယ်စီလိုက်နာထိန်းသိမ်းဆောင်ရွက်ကြမည်ဆိုလျှင်၊ အသုံးပြုသည့်ကားများ၏ ကြံ့ခိုင်မှုကောင်းမွန်နေမည်ဆိုလျှင်၊ လမ်းများလည်း လုံခြုံစိတ်ချရမှုရှိနေမည်ဆိုလျှင်၊ လမ်းအသုံးပြုသူအားလုံး စည်းကမ်းလိုက်နာကြမည်ဆိုလျှင် စသည်ဖြင့်အဘက်ဘက်က ဟန်ချက်ညီလာသည့် တစ်နေ့တွင် ယနေ့ Road Safety ဆိုင်ရာ မျှော်မှန်းချက်ဖြစ်သည့် **"Towards Zero Together"** ဆိုသည့် Vision သည် အမှန်တကယ်ဖြစ်လာရမည်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်လာရေးအတွက် အဓိကအားဖြင့် မိမိတို့နိုင်ငံ၏ National Road Safety Action Plan(2021-2030)ပါ ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များအတိုင်း မဆုတ်မနစ်ကြိုးပမ်းအားထုတ် လုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် Road Safety နှင့်ပတ်သက်၍ အဓိကတာဝန်ရှိကြသည့် ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များ အနေဖြင့် အလေးနက်ထား ကြိုးပမ်းအားထုတ် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ယာဉ်တိုက်ခိုက်မှုကြောင့် သေဆုံးသူဦးရေတွက်ချက်မှု အခြေခံနှစ်ဖြစ်သည့် ၂၀၁၉ ခုနှစ် သေဆုံးမှု၏ ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရေးအဓိကရည်မှန်းချက်ကို မျက်မြင်ပြတ်မခံဘဲ စဉ်ဆက်မပြတ် အရှိန်အဟုန်မြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း တို့က အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အတွင်းရေးမှူးကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးက ၂၀၂၁ ခုနှစ် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ နှစ်ချုပ်အစီရင်ခံစာများ၊ အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံချက်(၂၀၂၁-၂၀၂၃) ဆိုင်ရာများ၊ အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီ၏ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌများဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြရာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးမောင်မောင်အုန်း၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသီတာဦးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

ပေါင်းစပ်ညှိနှိုင်းပေး

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် က ရှင်းလင်းဆွေးနွေး အကြံပြုတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

"ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ် ဖြစ်လာသည့်အတွက် Decade of Action for Road Safety လှုပ်ရှားမှုများ အလေးထားဆောင်ရွက်နေကြသကဲ့သို့ တစ်ဖက်တွင်လည်း ကမ္ဘာလုံးဆိုင်ရာ Sustainable Development Goals (SDG)၏ Article 3.6 တွင် ယာဉ်မတော်တဆ ထိခိုက်မှုကြောင့် သေဆုံးသူအရေအတွက်ကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရေး ရည်မှန်းထည့်သွင်းရေးဆွဲပြီး ကမ္ဘာ့နိုင်ငံအသီးသီးက တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တာဝန်သိ၊ တာဝန်ကျေသည့် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံပီသစွာ အကောင်းဆုံးပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်"

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တူယှဉ်ဆ္ဆပျော်ဂီတပွဲတော် Season-2 ပြိုင်ပွဲ စတင်ယှဉ်ပြိုင်

ရန်ကုန် စက်တင်ဘာ ၂

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် စီစဉ်ကျင်းပသည့် တူယှဉ်ဆ္ဆပျော်ဂီတပွဲတော် Season-2 သီချင်းဆိုပြိုင်ပွဲအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV HD ရုပ်သံလိုင်းတွင် ယနေ့ညမှ စတင်၍ ဒီဇင်ဘာ ၃၀ ရက်အထိ အပတ်စဉ် သောကြာနေ့ ည ၉ နာရီအချိန်တိုင်းတွင် ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်းနှင့် ယခုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တူယှဉ်ဆ္ဆပျော်ဂီတပွဲတော် Season-2 တေးသီချင်းဆိုပြိုင်ပွဲ အုပ်စု(က)၊ ပွဲစဉ် (၁) သီဆိုယှဉ်ပြိုင်မှုကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ)၌ ယနေ့ညနေ ၄ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယနေ့ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်တို့မှ ပြိုင်ပွဲဝင် ကိုးဦးက Season-2၊ Level-1၊ အုပ်စု(က)၊ ပွဲစဉ်(၁)တွင် ပြဋ္ဌာန်းသီချင်းယှဉ်ပြိုင်မှုကို တစ်ဦးချင်းသီဆို ယှဉ်ပြိုင်ခဲ့ပြီး စက်တင်ဘာ ၉ ရက်တွင် ပွဲစဉ်(၂)အဖြစ် အဆိုပါပြိုင်ပွဲဝင် ကိုးဦးက စိတ်ကြိုက်သီချင်းများကို ဆက်လက် ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စု(က)မှ အုပ်စု(င)အထိ ပွဲစဉ် (၁၀) ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အဆိုဝါသနာရှင် တိုင်းရင်းသား လူငယ်များက ပြဋ္ဌာန်းသီချင်းနှင့် စိတ်ကြိုက်သီချင်းများကို အပတ်စဉ်အလှည့် ကျ ဆက်လက်သီဆို ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အုပ်စုတစ်ခုတွင် နှစ်ဦးစီဖြင့် စုစုပေါင်း ၁၀ ဦးကို Level-2 အတွက် ရွေးချယ်သွားမည်ဖြစ်သည်။

Level-2 ပြိုင်ပွဲတွင် စုစုပေါင်း ပွဲစဉ်ခုနစ်ပွဲ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်၍ ဒိုင်ပေးအမှတ်နှင့် ပရိသတ်၏ SMS Voting ရမှတ်တို့ဖြင့် ပွဲစဉ်တစ်ပွဲလျှင် ရမှတ် အနည်းဆုံး တစ်ဦးကို ပြိုင်ပွဲမှ နှုတ်ဆက်ထွက်ခွာစေမည်ဖြစ်ပြီး Level-3 (Grand Final) ပွဲအား ဒီဇင်ဘာ ၃၀ ရက်တွင် နောက်ဆုံး ကျန်ရှိသည့် ပြိုင်ပွဲဝင် သုံးဦးက ဆက်လက်သီဆို ယှဉ်ပြိုင်မည် ဖြစ်သည်။

ယနေ့ကျင်းပသည့် တူယှဉ်ဆ္ဆပျော် ဂီတပွဲတော်ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခများ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်မှ ပညာရှင်များနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ-ကနူး

မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၀ လှုဒါန်း

နေပြည်တော် စက်တင်ဘာ ၂
မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၀ လွှဲပြောင်းလှုဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ Asia World Port Terminal ၌ ကျင်းပသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်နိုင်ဦးက ယခုလှုဒါန်းမှုသည် သီရိလင်္ကာပြည်သူများအပေါ် မြန်မာအစိုးရနှင့် ပြည်သူများ၏ စာနာမှုကိုပြသခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားပြီး ဆန်လှုဒါန်းခြင်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် သီရိလင်္ကာ သံအမတ်ကြီးက ဆန်များ တင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သော မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌထံသို့ ကျေးဇူးတင်လွှာ ပြန်လည်ပေးအပ်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည့် သီရိလင်္ကာနိုင်ငံ၏ လတ်တလောအခြေအနေတွင် ယခုကဲ့သို့ လှုဒါန်းခြင်းသည် များစွာအထောက်အကူဖြစ်ပါကြောင်း၊ လှုဒါန်းပေးရန် စီမံဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုလည်း များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

သတင်းစဉ်

ယူနန်ပြည်နယ် တယ်ဟုန်းပြည်နယ်ခွဲနှင့် မြန်မာနိုင်ငံအကြား ခရီးသွားလာရေးလုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်ရေးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂
တရုတ်နိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်းပြည်နယ်ခွဲနှင့် မြန်မာနိုင်ငံအကြား ရှိရင်းစွဲ ခရီးသွားလာရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်းပြီး ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်နှင့် တယ်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း (နေပြည်တော်) မြန်မာနိုင်ငံ ကိုယ်စားလှယ်ရုံးညွှန်ကြားရေးမှူး Mr. Li Qigui တို့ နေပြည်တော်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးပွဲတော်များ ဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများ ပူပေါင်းဖွင့်လှစ်ရေး၊ ယူနန်ပြည်နယ် မန်စီမှ မန္တလေးနှင့် ရန်ကုန်သို့ ပျံသန်းခဲ့သည့် စင်းလုံးငှား လေယာဉ်ခရီးစဉ်များ ပြန်လည်စတင်နိုင်ရေး၊ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားကဏ္ဍ မြှင့်တင်ရေး၊ ဘာသာစကားသင်တန်းများ ဖွင့်လှစ်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်ပခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုတိုးတက်ဝင်ရောက်လာရေးအတွက် ခရီးသွားဈေးကွက် ပိုမိုရရှိရန် ကြိုးပမ်းအကောင်အထည် ဖော်ရာတွင် တရုတ်ခရီးသွားဈေးကွက်သည် ကမ္ဘာ့ Outbound ခရီးသွားဈေးကွက်၏ မောင်းနှင်အားတစ်ခုအဖြစ်ရှိနေကြောင်း၊ ၂၀၁၉ ခုနှစ်တွင် တရုတ်ခရီးသွား ၁၅၅ သန်းခန့် ကမ္ဘာနှင့်အဝန်း ခရီးစဉ်ဒေသများသို့ သွားလာလည်ပတ်မှုအများဆုံးအနေအထားတွင် ရှိခဲ့ကြောင်းနှင့် ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံသို့ တရုတ်ခရီးသွားဧည့်သည် ၁ ဒသမ ၄ သန်းကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်အောင်ခရိုင်တရားရုံးဖွင့်ပွဲ ကျင်းပ

မြန်အောင် စက်တင်ဘာ ၂
ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင်တရားရုံးဖွင့်ပွဲကို စက်တင်ဘာ ၁ ရက်က မြန်အောင်မြို့ အမှတ် (၁) ရပ်ကွက် ရုံးလမ်း မြို့နယ် တရားရုံးဝင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်အောင်ခရိုင် တရားရုံးဆိုင်းဘုတ်ကို ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်ထွေးထွေးနှင့် မြန်အောင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရုံးဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

မြန်အောင်ခရိုင် တရားရုံးအနေဖြင့် မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်၊ အင်္ဂပူမြို့နယ်တို့တွင် ဖြစ်ပွားသော ရာဇဝတ်မှုများနှင့် တရားမမှုများကို စစ်ဆေးစီရင်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁ ရက်မှစ၍ တရားစီရင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြန်အောင်ခရိုင် တရားသူကြီး ဦးဝင်းထွဋ်အောင် ထံမှ သိရသည်။

အဆိုပါ မြန်အောင်ခရိုင် တရားရုံးဖွင့်ပွဲ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ မြန်အောင်ခရိုင် အုပ်ချုပ်ရေးမှူး၊ မြန်အောင်ခရိုင် ရဲတပ်ဖွဲ့မှူး၊ မြန်အောင်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်တို့မှ မြို့နယ်တရားသူကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဝင်းဗိုလ်(ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

မကွေး စက်တင်ဘာ ၂
မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို သြဂုတ် ၃၁ ရက်က မကွေးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ မကွေးလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းမောင်သိန်း၊ တရားသူကြီးချုပ် ဦးစိန်ထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် ကျောင်းသား ကျောင်းသူများနှင့် ဝါသနာရှင်များ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို "မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုများရရှိခဲ့သော ပြိုင်ပွဲဝင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယကဒေါ်ဝင်းဝင်းမြင့်၊ မကွေးလေတပ်စခန်း ဌာနချုပ်မှူး၊ တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။

စည်သူ(မကွေး)

ကျင့်ဝတ်နှင့် ကိုယ်ရည်ကိုယ်သွေး

သိန်းထွန်း (IR)

အရေးပါသော အစိတ်အပိုင်းတစ်ရပ်

လူတစ်ဦးတစ်ယောက်အနေနဲ့ ကိုယ့်ဘဝရပ်တည်ရေး၊ တိုးတက်မြင့်မားရေးနဲ့ ကိုယ်ရည်ကိုယ်သွေးမြှင့်တင်ဖို့ ကြိုးစားရာမှာ ကိုယ့်ရည်မှန်းချက်နဲ့ ဆန္ဒတွေ အောင်မြင်ဖို့အတွက်သာမကဘဲ ကိုယ်နဲ့ လူ့အဖွဲ့အစည်းအကြား သဟဇာတဖြစ်တဲ့ အခြေအနေဖြစ်ဖို့ဆိုရင် လူမှုကျင့်ဝတ်တွေဟာ ကြီးမားတဲ့ အစိတ်အပိုင်းတစ်ရပ်အနေနဲ့ ပါဝင်ပါတယ်။ ဒီလိုပဲ လူ့အသိုက်အဝန်းတစ်ခုရဲ့ ဓလေ့၊ စရိုက်နဲ့ ယဉ်ကျေးမှုတွေ တိုးတက်မြင့်မားဖို့မှာ သက်ဆိုင်ရာလူ့အဖွဲ့အစည်းအတွင်းက တစ်ဦးချင်းစီရဲ့ ကျင့်ဝတ်လိုက်နာမှုတွေဟာ အရေးပါပါတယ်။

ကျင့်ဝတ်တွေဟာ ဘဝရဲ့အရည်အသွေးတွေ ပေါင်းစပ်ပါဝင်နေတဲ့ အကျင့်စရိုက်တွေလို့ ဆိုပါတယ်။ အဲဒီအရည်အသွေးတွေထဲမှာဆိုရင် လူတစ်ယောက်ရဲ့ ဉာဏ်ရည်ဉာဏ်သွေး၊ အတွေးအမြင်၊ အကြံအစည်၊ စေ့ဆော်မှု၊ ရည်ရွယ်ချက်၊ စိတ်နေစိတ်ထား၊ ဆုံးဖြတ်မှု၊ အပြုအမူ၊ စိတ်ကူးစိတ်သန်း၊ ခံယူချက်၊ စိတ်ခံစားမှု၊ မေတ္တာတရားနဲ့ အမုန်းတရားတွေ ပါဝင်ပါတယ်။ တစ်ဦးချင်းစီရဲ့ အဲဒီ အရည်အသွေးတွေကပဲ မိမိဟာ ဘယ်လိုလူလဲဆိုတာနဲ့ ဘာအတွက် ရှင်သန်ရပ်တည်တာလဲ ဆိုတာကို ဖော်ပြနေပါတယ်။ ဒါဟာ ကျင့်ဝတ်နဲ့ လူတစ်ယောက်ရဲ့ရပ်တည်မှုအကြား ဆက်နွယ်မှုအဖြစ် တွေ့ရပါတယ်။

ဒုံအပြင် ကျင့်ဝတ်တွေက လူတစ်ဦးချင်းစီရဲ့ အကြံအစည်၊ အပြောအဆို၊ အပြုအမူတွေကို တည့်မတ်နိုင်အောင် လမ်းညွှန်ထိန်းကျောင်းပေးနေတာကြောင့် ကျင့်ဝတ်တွေဟာ တစ်ဦးချင်းအတွက် သာမကဘဲ လူ့အဖွဲ့အစည်းတွေရဲ့ အထိန်းအကွပ်တွေလည်း ဖြစ်ပါတယ်။ ကျင့်ဝတ်တွေဟာ လောကပါလတရားလိုပဲ လူသားတွေရဲ့ အပြုအမူဆိုင်ရာတွေကို လိုက်နာစောင့်ထိန်းအပ်တဲ့ ကျင့်ဝတ်ပိုင်းဆိုင်ရာအနေနဲ့ ထိန်းကျောင်းထားလို့ အရေးပါတဲ့ လိုအပ်ချက်တစ်ခု ဖြစ်ပါတယ်။

ကျင့်ဝတ်

မြန်မာအဘိဓာန်မှာတော့ ကျင့်ဝတ်ဆိုတာကို လိုက်နာစောင့်ထိန်းအပ်သော ဝတ္တရားလို့ ဆိုပါတယ်။ အင်္ဂလိပ်ဝေါဟာရ ethic ကို ဂရိစကား ethos ကနေဆင်းသက်လာပြီး ဓလေ့ထုံးစံ၊ အလေ့အထ၊ စရိုက် သို့မဟုတ် စိတ်နေသဘောထားကို ဆိုလိုတာလို့ ဆိုပါတယ်။ အင်္ဂလိပ်အဘိဓာန်မှာတော့ အမှားအမှန်ကို လမ်းညွှန်သော အပြုအမူဆိုင်ရာ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များလို့ ဖွင့်ဆိုတာတွေ့ရပါတယ်။

ဒီတော့ ကျင့်ဝတ်တွေဟာ လိုက်နာစောင့်ထိန်းအပ်တဲ့ အပြုအမူဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေလို့ ဆိုရမှာပါ။ ကျင့်ဝတ်တွေက ဘဝတစ်ခုကိုဘယ်လို ရှင်သန်ရပ်တည်မလဲ၊ ကိုယ့်ရဲ့အမှန်တရားတွေနဲ့ တာဝန်ယူမှုတွေက ဘာတွေလဲ၊ အမှား/ အမှန် ဘယ်လိုတိုင်းတာ ဆုံးဖြတ်ကြသလဲ၊ အကောင်းအဆိုးတွေကို ကိုယ်ကျင့်တရား ဆိုင်ရာ ဘယ်လိုဆုံးဖြတ်ကြသလဲဆိုတာတွေနဲ့ ဆက်စပ်ပတ်သက် နေပါတယ်။

ကျင့်ဝတ်သတ်မှတ်မှုနဲ့ပတ်သက်လို့ သက်ဆိုင်ရာကဏ္ဍအလိုက် ကျင့်ဝတ်တွေကတော့ အများကြီးပါပဲ။ ဥပမာ လူမှုကျင့်ဝတ်၊ စီးပွားရေးဆိုင်ရာကျင့်ဝတ်၊ လုပ်ငန်းဆိုင်ရာကျင့်ဝတ်၊ နိုင်ငံရေးကျင့်ဝတ် စသဖြင့်ပေါ့။ လူမှုကျင့်ဝတ်ဆိုပြန်ရင်လည်း အမျိုးမျိုးရှိနေပါတယ်။ သားသမီးကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ အကြီးအကဲကျင့်ဝတ် စသဖြင့် အများကြီးရှိပါတယ်။ ကျင့်ဝတ်တွေဟာ ဥပဒေလိုစည်းနှောင်မှုမရှိဘဲ တစ်ဦးချင်းစီရဲ့ အသိတရားနဲ့ အမှား/အမှန် ဆုံးဖြတ်နိုင်စွမ်းအပေါ်မှာ မူတည်ပါတယ်။ ဘယ်လိုနေထိုင်ပြုမူ လုပ်ဆောင်ရမယ်လို့ ကျင့်ဝတ်များက သတ်မှတ်မထားဘဲ လုပ်ဆောင်သင့်တဲ့နည်းလမ်းကိုသာ ညွှန်ပြပါတယ်။ ဒါကြောင့် လူ့တွေရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးကို ထိန်းသိမ်းဖို့ဆိုရင် ကျင့်ဝတ်တွေကို တစ်ဦးချင်းစီက လိုက်နာဖို့ ဝတ္တရားရှိပါတယ်။ အဲဒီလို ကျင့်ဝတ်တွေ ရှိနေပေမယ့် ကျင့်ဝတ်တွေကို လိုက်နာမှ သူ့ရဲ့တန်ဖိုးတွေ၊ သူ့ရဲ့အနှစ်သာရတွေက ကိုယ်နဲ့ကိုယ့်ပတ်ဝန်းကျင်ကိုရော အကျိုးပြုစေမှာပါ။

ပြောင်းလဲလာသည့် အခြေအနေ

လူ့အဖွဲ့အစည်းအတွင်း ကျင့်ဝတ်တွေ လိုက်နာဖို့ အရေးပါတယ်ဆိုသော်လည်း ပြောင်းလဲနေတဲ့ ခေတ်အခြေအနေအောက်မှာ ကျင့်ဝတ်တွေရဲ့ အရေးပါမှု၊ လိုက်နာမှုနဲ့ တန်ဖိုးထားမှုတွေ လျော့နည်းကျဆင်းလာတာကို တွေ့ရပါတယ်။ ဒီကနေ့ခေတ်မှာ သိပ္ပံနဲ့နည်းပညာ၊ စီးပွားရေး၊ ဆက်သွယ်ရေးစနစ်နဲ့ ယဉ်ကျေးမှုတွေ ဆက်စပ်လာမှုတွေကြောင့် လူတွေရဲ့နေ့စဉ်ဘဝတွေ၊ သူတို့ရဲ့ အလုပ်အကိုင်နဲ့ ပြောဆိုဆက်ဆံရာမှာ အရေးပါတဲ့ ကျင့်ဝတ်ဆိုင်ရာကိစ္စတွေကို လျစ်လျူရှုလာကြတာကို တွေ့ရပါတယ်။ ဒုံအပြင် လူတွေရဲ့ လိုအပ်ချက်တွေနဲ့ ယှဉ်ပြိုင်မှုတွေ များပြားလာပြီး တစ်ဦးချင်းစီရဲ့ အတ္တတွေ၊ လောဘတွေ မြင့်မားလာတာကလည်း ကျင့်ဝတ်လျော့နည်းလာရခြင်း အကြောင်းရင်းတစ်ရပ်အဖြစ် တွေ့ရပါတယ်။

ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ သဘာဝ ပတ်ဝန်းကျင်နဲ့ အခြားအခြားသော ကိစ္စရပ်တွေ ကျယ်ပြန့်လာ၊ ဆက်စပ်လာတဲ့အတွက် လူတန်းစားမညီမျှမှု၊ ဆင်းရဲချမ်းသာမညီမျှမှုဆိုတာ နောက်မှာတော့ ကျင့်ဝတ်ပိုင်းဆိုင်ရာ လျော့နည်းကျဆင်းမှုတွေနဲ့ တွေ့ကြုံနေရပါတယ်။ ဒုံအပြင် လူတွေရဲ့ ရုပ်ပိုင်းဆိုင်ရာအပေါ် မှီခိုမှုတွေ ပိုများလာပြီး စိတ်ပိုင်းဆိုင်ရာနဲ့ ကိုယ်ကျင့်တရား၊ ကျင့်ဝတ်ဆိုင်ရာတွေမှာ အားနည်းလာတာ တွေ့ရပါတယ်။

လိုက်နာသင့်သောအချက်အချို့

ကိုယ်လုပ်မယ့်အလုပ်တစ်ခုအပေါ် လုပ်သင့်နဲ့ မလုပ်သင့်၊ အကောင်းနဲ့အဆိုး၊ အမှန်နဲ့အမှားအကြား ခွဲခြားဆုံးဖြတ်ရာမှာ ကျင့်ဝတ်တွေက အရေးကြီးပါတယ်။ အချို့ နယ်ပယ်တွေမှာ လိုက်နာသင့်တဲ့ကျင့်ဝတ်တွေကို ရေးသားဖော်ပြထားတာတွေ ရှိပါတယ်။ အချို့နယ်ပယ်တွေမှာတော့ မရှိပါဘူး။ ကိုယ့်ရဲ့ ဆင်ခြင်တုံတရား၊ ကိုယ်ချင်းစာတရား၊ အသိတရားတို့နဲ့ အမှား/အမှန်၊ အကောင်း/အဆိုး၊ လုပ်သင့်/ မလုပ်သင့် ခွဲခြားဆုံးဖြတ်ကြရပါတယ်။ အချို့သူတွေ ကတော့ ကိုယ်ကျင့်တရားကို လက်ကိုင်ထားတတ်ကြပြီး မိမိအပေါ် ပြုမူပြောဆိုစေချင်သလို အခြားသူတွေအပေါ်မှာ ပြုမူပြောဆိုတဲ့ မိမိနဲ့ယှဉ်တဲ့ ကိုယ်ချင်းစာတရားနဲ့ ပြုမူပြောဆို လုပ်ကိုင် တတ်ကြပါတယ်။

ကျင့်ဝတ်တွေမှာ တစ်ဦးချင်းဆိုင်တဲ့ကိစ္စတွေ၊ လူ့ကျင့်ဝတ်၊ ဥပဒေရေးရာနဲ့ လူမှုရေးစံနှုန်း၊ ယဉ်ကျေးမှု၊ ဓလေ့၊ ထုံးစံတွေ ပေါင်းစပ်ပြီး တွေးခေါ်မှုနဲ့အပြုအမူဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေ ဖြစ်လို့ သက်ဆိုင်ရာလူ့အဖွဲ့အစည်းနဲ့ နယ်ပယ်အလိုက် ကွဲပြားမှုတွေရှိကြပါတယ်။ အခြေအနေတွေနဲ့ ယဉ်ကျေးမှုတွေ မတူကွဲပြားရင်လည်း ကျင့်ဝတ်တွေ ကွဲပြားတတ်တာကြောင့်မို့လို့ အမှန်တရားဆိုတာကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာလည်း ကွဲပြားမှုရှိနိုင်ပါတယ်။ ကျင့်ဝတ်ပိုင်းဆိုင်ရာ ကွဲပြားမှုတွေရှိပေမယ့် လိုက်နာသင့်တဲ့အချက်အချို့ကို အမေရိကန်နိုင်ငံ Cal Poly State University မှ ဂုဏ်ထူးဆောင်ပါမောက္ခ Steven Mintz က ပြောထားပါတယ်။ အဲဒီအချက်တွေထဲမှာ ဆိုရင် –

အခြားသူတွေကို ဒုက္ခမရောက်ပါစေနဲ့။ ကျင့်ဝတ်တွေထဲက အရေးကြီးဆုံး အချက်တစ်ချက်လို့ ဆိုနိုင်ပါတယ်။ ဘယ်သူမဆို ကိုယ့်ရဲ့ရည်ရွယ်ချက်၊ ဆန္ဒနဲ့လုပ်ငန်းအောင်မြင်တိုးတက်ဖို့အတွက် လုပ်ဆောင်ရာမှာ ကိုယ့်ကြောင့် အခြားသူတွေကို ဒုက္ခမရောက်စေသင့်ပါဘူး။ လူတိုင်းမှာ ကိုယ့်အခွင့်အရေးကို လွတ်လပ်စွာ အသုံးချပိုင်ခွင့်ရှိကြပါတယ်။ သို့သော်လည်းပဲ ကိုယ့်အခွင့်အရေးကို အသုံးချရာမှာ အခြားသူတွေရဲ့ အခွင့်အရေးတွေကို မထိခိုက်စေဖို့၊ သူတစ်ပါးကို ဒုက္ခမရောက်စေဖို့ လိုပါတယ်။ လူတိုင်းစောင့်ထိန်းလိုက်နာသင့်တဲ့ ကျင့်ဝတ်လို့လည်း ဆိုနိုင်ပါတယ်။

ပိုကောင်းအောင် ပြုလုပ်ပါ။ ကျင့်ဝတ်တွေဟာ ကိုယ်ရဲ့ဘဝအခြေအနေကို ချမ်းသာကြွယ်ဝမှု၊ အောင်မြင်မှုရှုထောင့်ကနေ ရပ်တည်လုပ်ဆောင်တာမဟုတ်ဘဲ ကောင်းမွန်တဲ့ အမူအကျင့်တွေ လိုက်နာစောင့်ထိန်းပြီး တိုးတက်အောင်ပြုလုပ်တာဖြစ်ပါတယ်။ ကိုယ်ပြုလုပ်တဲ့အရာတွေကို ကျင့်ဝတ်တွေနဲ့အညီ ပိုမိုကောင်းအောင်ပြုလုပ်တာကြောင့် ကိုယ်လည်း ပျော်ရွှင်မှုရ၊ သူတစ်ပါးကိုလည်း မထိခိုက်စေတဲ့နည်းလမ်း ဖြစ်ပါတယ်။

အခြားသူတွေအပေါ် မျှတစွာဆက်ဆံပါ။ သူတစ်ပါးကို မျှတစွာဆက်ဆံဖို့ဆိုရင် ကိုယ်ချင်းစာတရားနဲ့ လေးစားမှုရှိဖို့လိုပါတယ်။ ကိုယ်နဲ့ယှဉ်တဲ့ ကိုယ်ချင်းစာတရားနဲ့ လေးစားမှုရှိမှ သူတစ်ပါးအပေါ်ကို မျှမျှတတဆက်ဆံနိုင်မှာ ဖြစ်ပါတယ်။

ကိုယ့်အပြုအမူတွေကြောင့် ဖြစ်လာနိုင်တဲ့ အကျိုးဆက်တွေကို စဉ်းစားပါ။ လူတွေနဲ့ စုပေါင်းနေထိုင်လုပ်ကိုင်နေတဲ့ လူ့အဖွဲ့အစည်းမှာ ကိုယ့်ရဲ့လုပ်ရပ်တွေဟာ အခြားသူတွေအပေါ် အကျိုးသက်ရောက်နေတယ်ဆိုတာ သတိပြုဖို့လိုပါတယ်။ ကိုယ့်လုပ်ရပ်က အခြားသူတွေအပေါ် သက်ရောက်သလို အခြားသူတွေရဲ့လုပ်ရပ်တွေကလည်း ကိုယ့်အပေါ် အကျိုးသက်ရောက်နေပါတယ်။ ဒီနေရာမှာ သတိထားဖို့က ကိုယ့်ရဲ့ရည်မှန်းချက်တွေကို အောင်မြင်အောင်ကြိုးစားရာမှာ ဖြစ်လာနိုင်တဲ့ အကျိုးဆက်တွေကို ထည့်သွင်းစဉ်းစားဖို့ဖြစ်ပါတယ်။ ကိုယ့်ရဲ့လုပ်ရပ်ကြောင့် ဘယ်သူ့ကို အကျိုးပြုစေမလဲ၊ ဘယ်သူ့ကို ထိခိုက်စေနိုင်သလဲ၊ အများအတွက်ရော ကောင်းကျိုးတွေဖြစ်စေမလား၊ ဆိုးကျိုးတွေ ဖြစ်စေမလား၊ ရေတိုရေရှည် အကျိုးကျေးဇူးနဲ့ ဆုံးရှုံးနိုင်မှု စတဲ့အကျိုးဆက်တွေကို ကိုယ်စီကိုယ်စီက ထည့်ပြီးစဉ်းစားဖို့ လိုပါတယ်။ အခြားသူတွေရဲ့အခွင့်အရေးကို လေးစားပါ။ လူတစ်ဦး

> **"ကိုယ်လုပ်မယ့်အလုပ်တစ်ခုအပေါ် လုပ်သင့်နဲ့ မလုပ်သင့်၊ အကောင်းနဲ့အဆိုး၊ အမှန်နဲ့အမှားအကြား ခွဲခြားဆုံးဖြတ်ရာမှာ ကျင့်ဝတ်တွေက အရေးကြီးပါတယ်။ အချို့နယ်ပယ်တွေမှာ လိုက်နာသင့်တဲ့ ကျင့်ဝတ်တွေကို ရေးသားဖော်ပြထားတာတွေ ရှိပါတယ်။ အချို့နယ်ပယ်တွေမှာတော့ မရှိပါဘူး။ ကိုယ့်ရဲ့ ဆင်ခြင်တုံတရား၊ ကိုယ်ချင်းစာတရား၊ အသိတရားတို့နဲ့ အမှား/အမှန်၊ အကောင်း/အဆိုး၊ လုပ်သင့်/ မလုပ်သင့် ခွဲခြားဆုံးဖြတ်ကြရပါတယ်။ အချို့သူတွေကတော့ ကိုယ်ကျင့်တရားကို လက်ကိုင်ထားတတ်ကြပြီး မိမိအပေါ် ပြုမူပြောဆိုစေချင်သလို အခြားသူတွေအပေါ်မှာ ပြုမူပြောဆိုတဲ့ မိမိနဲ့ယှဉ်တဲ့ ကိုယ်ချင်းစာတရားနဲ့ ပြုမူပြောဆိုလုပ်ကိုင် တတ်ကြပါတယ်"**

ဂုဏ်သိက္ခာရှိရှိလုပ်ဆောင်ပါ။ ကျင့်ဝတ်နဲ့ ဂုဏ်သိက္ခာဟာ အပြန်အလှန် ဆက်စပ်နေပါတယ်။ ကိုယ့်ရဲ့ဂုဏ်သိက္ခာမကျဆင်းဖို့ ကျင့်ဝတ်တွေလိုက်နာဆောင်ရွက်ဖို့ လိုသလို ကျင့်ဝတ်တွေ လိုက်နာခြင်းနဲ့ ကိုယ့်ရဲ့ဂုဏ်သိက္ခာကိုထိန်းနိုင်ပါတယ်။ ဥပမာအနေနဲ့ စီးပွားရေးသမားတစ်ဦးဖြစ်စေ၊ ဝန်ထမ်းတစ်ဦးဖြစ်စေ ကိုယ်နဲ့သက်ဆိုင်တဲ့ နယ်ပယ်အလိုက် ကျင့်ဝတ်နဲ့ လူမှုကျင့်ဝတ်တွေကို လိုက်နာမှ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်မှာပါ။ ဝိသမလောဘသားတွေဟာ ဂုဏ်သိက္ခာကို အလေးမထားဘဲ ကျင့်ဝတ်မဲ့လုပ်ဆောင်မှုတွေကြောင့် သူ့တစ်ကိုယ်စာအတွက် အဆင်ပြေနိုင်ပေမယ့် ဖြစ်လာတဲ့ အကျိုးဆက်တွေက အခြားသူတွေအပေါ် ထိခိုက်နစ်နာစေနိုင်ပါတယ်။ ဒါကြောင့် ကျင့်ဝတ်ဆိုတာ လုပ်သင့်တာကိုသိပြီး လုပ်ခြင်းနဲ့ မလုပ်သင့်တာကို သိပြီး ရှောင်ရှားတာလို့ဆိုတာ ဖြစ်ပါတယ်။

မြန်မာမှုနယ်ပယ်မှာဆိုရင် လူတစ်ယောက်ရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံကို ထိန်းသိမ်းပေးတဲ့ လောကပါလတရား၊ ကျင့်ဝတ်၊ နီတိ၊ စာရိတ္တဆိုင်ရာတွေအပြင် လောကီ၊ လောကုတ္တရာဆိုင်ရာ အဆုံးအမတွေ များစွာရှိပါတယ်။ လိုက်နာကျင့်ကြံနိုင်ဖို့ပဲ လိုတာပါ။

လိုက်နာသင့်

လူတစ်ဦးချင်းစီတိုင်းနဲ့ လူ့အဖွဲ့အစည်းတွေမှာ ကျင့်ဝတ်တွေ လိုက်နာကြဖို့ လိုအပ်တယ်ဆိုပေမယ့် ကျင့်ဝတ်လိုက်နာမှု အားနည်းတဲ့ သူတွေကိုလည်း တွေ့ရပါတယ်။ အများအားဖြင့်တော့ လုပ်သင့်လုပ်ထိုက်တဲ့အရာတွေကို လုပ်ဖို့ရာမှာ ကာယကံရှင် ကိုယ်တိုင်ရဲ့ မလိုက်နာမှုနဲ့ ပတ်ဝန်းကျင်ရဲ့ဖိအား အခြေအနေတွေကြောင့် ကျင့်ဝတ်စောင့်ထိန်းမှုအားနည်းတာ တွေ့ရပါတယ်။ အဲဒီလိုအားနည်းသူတွေ ရှိကြသလို ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုအောက်မှာ ခါးဝတ်ပုဆိုးလို ကျင့်ဝတ်မြဲမြံသူတွေလည်း ရှိကြပါတယ်။

စာမျက်နှာ ၇ သို့

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၂ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းမှုအရ နေပြည်တော်သို့ ရောက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေးဆောင်ရွက်ခဲ့သည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ ရှမ်းပြည်နယ် တာချီလိတ်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများက **"ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန် ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေ စည်းလုံးမှု ငြိမ်းချမ်းတည်ငြိမ် အေးချမ်းရ"** စသည့် စာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင်၍လည်းကောင်း၊ နိုင်ငံတော် အလံငယ်များ ကိုင်ဆောင်၍ လည်းကောင်း နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် သျှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ် ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် တာချီလိတ်မြို့သို့ ရောက်ရှိရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တာချီလိတ်တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပါတီနိုင်ငံရေး အဖွဲ့အစည်းများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားကြသည့် ဒေသခံတိုင်းရင်းသား ပြည်သူများက **"ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ထောက်ခံပါသည်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ထောက်ခံပါသည်"** စသည့် စာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ တာချီလိတ်လေဆိပ်တွင် ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်နိုင်ရေး သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်

နေပြည်တော် စက်တင်ဘာ ၂ မွန်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်နိုင်ရေး သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ပေါင်မြို့နယ် မုတ္တမကျေးရွာအနီး သံလွင်မြစ်ကမ်းဘေး၌ ပြုလုပ်သည်။

ဦးစွာ ကွပ်ကဲရေးမှူးနှင့် ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များက ဇာတ်တိုက်လေ့ကျင့်ခန်းများဖြစ်သည့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေး သတိပေးနှိုးဆော်ခြင်း၊ ဘေးအန္တရာယ် ကျရောက်နိုင်သည့် ပြည်သူများနှင့် အရေးကြီးပစ္စည်းများကို ဦးစားပေးအဆင့်အလိုက် ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ မုန်တိုင်းအန္တရာယ် ကျရောက်နေသည့် အခါတွင် လုံခြုံစိတ်ချရသည့်နေရာတွင် ရွှေ့ပြောင်းထားသော ပြည်သူများကို ဖေးမနှစ်သိမ့်မှုပြုလုပ်ခြင်း၊ မုန်တိုင်းဘေး တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ခြင်း၊ သံလွင်မြစ်အတွင်း မုန်တိုင်းဖြတ်သန်းသွားအပြီး မုန်တိုင်းကြောင့် အန္တရာယ်ကျရောက်နေသော ပြည်သူများကို ရှာဖွေကယ်ဆယ်ခြင်း၊ မုန်တိုင်းကြောင့် လေမှောက်ခြင်း၊ ကမ်းပြိုခြင်းဖြစ်ပေါ်ပြီး မျောပါနေသော ရေဘေးဒုက္ခသည်များ ကယ်ဆယ်ခြင်း၊ အဆောက်အအုံတွင် ပိနေသော သစ်ပင်ဖယ်ရှားခြင်းနှင့် အဆောက်အအုံတွင် ပိတ်မိနေသော ဘေးဒုက္ခရောက်နေသူများ ကယ်ထုတ်ခြင်း၊ မြေပြိုမှုကြောင့် နေအိမ်ပေါ်သို့ ပိနေသော မြေများ ရှင်းလင်းဖယ်ရှားခြင်းနှင့် နေအိမ်တွင် ပိတ်မိနေသော ဘေးဒုက္ခရောက်နေသူများ ကယ်ထုတ်ခြင်းများကို ကယ်ဆယ်ရေး ပစ္စည်းများဖြင့် သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်နိုင်ရေး သဏ္ဌာန်တူ ဇာတ်တိုက် လေ့ကျင့်ခြင်းများ ပြုလုပ်ကြသည်။

ထိုသို့ ဇာတ်တိုက်လေ့ကျင့်နေမှုများကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နေရာကွက်ကျားထစ်ချုန်း ရှာမည်

နေပြည်တော် စက်တင်ဘာ ၂

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားထစ်ချုန်း ရှာမည်။ ရှာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားထစ်ချုန်းရှာမည်။ ရှာရန်ရာခိုင်နှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် မိုးပိုနေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

စာမျက်နှာ ၆ မှ

ကိုယ့်အကျိုး၊ အများအကျိုးမျှတဖို့ဆိုရင်တော့ ကျင့်ဝတ်တွေကို လိုက်နာသင့်ပါတယ်။ လူမှုပတ်ဝန်းကျင်တွေ၊ အဖွဲ့အစည်းတွေ၊ အသိုက်အဝန်းတွေမှာ ကျင့်ဝတ်တွေ ကင်းမဲ့နေမယ်၊ အားနည်းနေမယ်ဆိုရင် အဲဒီဝန်းကျင်ဟာ အကွပ်မဲ့ကြမ်းလို ဖြစ်လာနိုင်ပါတယ်။ လူ့အသိုက်အဝန်းတွေ၊ လူမှုအဖွဲ့အစည်းတွေဆိုတာက အများနဲ့ စုပေါင်းနေထိုင်လုပ်ကိုင်ကြရတာမို့ အပြန်အလှန် အကျိုးသက်ရောက်မှုတွေ၊ ကောင်းကျိုး/ ဆိုးကျိုးတွေ ဆက်စပ်နေကြပါတယ်။ လူတစ်ယောက်ရဲ့ကောင်းမွေဆိုးမွေက အဖွဲ့အစည်းအပေါ် ကောင်းကျိုးဆိုးကျိုးသက်ရောက်နိုင်သလို အဖွဲ့အစည်းရဲ့ ကောင်းမွေ ဆိုးမွေတွေကလည်း လူတစ်ယောက်ချင်းစီအပေါ် အကျိုးသက်ရောက်နေပါတယ်။ လူ့အဖွဲ့အစည်းရဲ့ အသေးငယ်ဆုံးဖြစ်တဲ့ မိသားစုတစ်ခုအတွင်းမှာပဲ သားသမီးနဲ့ မိဘအကြား၊ မောင်နှမတွေအကြား၊ အကြီးနဲ့အငယ်အကြား၊ မိသားစုနဲ့ ပတ်ဝန်းကျင်အကြား လူမှုကျင့်ဝတ်တွေ အားနည်းလာမယ်ဆိုရင် အဲဒီမိသားစုအတွင်း အပြုအမူဆိုင်ရာ၊ ကိုယ်ကျင့်တရားဆိုင်ရာတွေမှာလည်း အားနည်းလာနိုင်ပါတယ်။ ဒီတော့ ကောင်းမွန်တဲ့ လူမှုပတ်ဝန်းကျင်တွေ တည်ဆောက်ဖို့ဆိုရင် ကျင့်ဝတ်လိုက်နာတတ်တဲ့အလေ့အကျင့်တွေ ပြုစုပျိုးထောင်ပေးဖို့ လိုမှာပါ။

ကိုယ်ရည်ကိုယ်သွေး

ကျင့်ဝတ်တွေဟာ အမူအကျင့်ဆိုင်ရာစံနှုန်းတွေဖြစ်ပြီး လူတစ်ဦးချင်းစီနဲ့ လူ့အဖွဲ့အစည်းရဲ့ အရည်အသွေးကို ဖော်ပြနေတာကြောင့် ကျင့်ဝတ်လိုက်နာတဲ့ အလေ့အကျင့်ရှိဖို့ လိုအပ်မှာပါ။ ရိုးသားမှု၊ ယုံကြည်စိတ်ချရမှု၊ တာဝန်ယူမှု စတဲ့ကျင့်ဝတ်တန်ဖိုးတွေဟာ အခြားသူတွေကို မထိခိုက် မနစ်နာစေဘဲ ကိုယ်လုပ်သင့် လုပ်ထိုက်တာကို လုပ်ဆောင်နိုင်တဲ့ ကိုယ်ရည်ကိုယ်သွေးတွေ ဖြစ်ပါတယ်။ ဒါပေမယ့် ကျင့်ဝတ်တွေကို လိုက်နာတယ်၊ မလိုက်နာဘူးဆိုတာ ကိုယ့်ရဲ့ရွေးချယ်ဆုံးဖြတ်မှုနဲ့သာ သက်ဆိုင်ပါတယ်။

သတိပြုရမှာက ကိုယ်ရွေးချယ်ဆုံးဖြတ်လိုက်တာတွေဟာ ကိုယ့်ရဲ့ဘဝ အရည်အသွေးအပေါ် အမြဲပဲလွှမ်းမိုးနေတယ်ဆိုတာပဲ ဖြစ်ပါတယ်။ လူတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေးတွေထဲမှာ လူတစ်ဦးချင်းစီရဲ့ တွေးခေါ်မှုပုံစံတွေ၊ စိတ်ခံစားချက်တွေနဲ့ အပြုအမူပုံစံတွေ ပါဝင်တာမို့ ကိုယ်ရဲ့ကိုယ်ရည်ကိုယ်သွေး မြင့်တင်ဖို့ဆိုရင် ကျင့်ဝတ်နဲ့ညီတဲ့ စဉ်းစားတွေးခေါ်မှုနဲ့ ပြောဆိုပြုမူမှုတွေ ပြုစုပျိုးထောင်ရမှာ ဖြစ်ပါတယ်။ ။

ကိုးကား

Steven Mintz / Everyday Ethics/ November 1, 2016.
https://www.ethicssage.com/ 2016/11/everyday-ethics-.html

မြန်မာ့ဆန်များ တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေး၊ စျေးကွက်သစ်များ ရှာဖွေရေး ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂

အရည်အသွေးကောင်းသည့် မြန်မာ့ဆန်များတိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေး၊ စျေးကွက်သစ်များ ရှာဖွေရေး၊ ပြည်တွင်း၌ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် စိုက်ပျိုးတောင်သူများ၏အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရေး စသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးကုန်တိုင်းဒေသကြီးရုံး၌ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ **(ယာပုံ)**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပို့ကုန်မြှင့်တင်ရေး၊ ကုန်သွယ်မှုလုပ်ငန်းများတွင်ကြုံတွေ့နေရသော အခက်အခဲများအား လျင်မြန်လွယ်ကူစွာ ဖြေရှင်းဆောင်ရွက်နိုင်ရေး၊ ပြည်တွင်းရှိ အရင်းအမြစ်များကို တိုးမြှင့် ဆောင်ရွက်၍ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်အောင် ဆောင်ရွက်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုကဏ္ဍမြှင့်တင်နိုင်မည့် နည်းလမ်းရှာဖွေရေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ တာဝန်ရှိသူများမှ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ILO Website တွင် "ကြမ်းတမ်းသောအခက်အခဲကို ဖြတ်ကျော်ခြင်း - မြန်မာနိုင်ငံတွင် စစ်တပ်အာဏာသိမ်းပြီးနောက် အလုပ်သမားအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၏ ကြံ့ကြံ့ခံနိုင်မှု" (Riding out the storm: Organizational resilience of trade unions and civil society organizations following the military takeover in Myanmar) ခေါင်းစဉ်ဖြင့် လွှင့်တင်ထားသော ILO Brief တွင်ပါရှိသည့် "အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားအဖွဲ့အစည်း(၁၆)ဖွဲ့ကို တရားမဝင်အဖွဲ့အစည်းများအဖြစ် ကြေညာခဲ့ကြောင်းနှင့် အလုပ်သမားသမဂ္ဂအဖြစ် တရားဝင်မှတ်ပုံတင်ရန် နည်းလမ်းမရှိသောကြောင့် အလုပ်သမားများအနေဖြင့် အလုပ်သမားအဖွဲ့အစည်းများ ထပ်မံဖွဲ့စည်းမှုမရှိကြောင်း" ဟူသည့် အချက်တို့နှင့်ပတ်သက်၍ ပြင်းထန်စွာ ကန့်ကွက်ခြင်း

၁။ ILO Website တွင် "ကြမ်းတမ်းသော အခက်အခဲကို ဖြတ်ကျော်ခြင်း–မြန်မာနိုင်ငံတွင် စစ်တပ်အာဏာသိမ်းပြီးနောက် အလုပ်သမားအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၏ ကြံ့ကြံ့ခံနိုင်မှု" (Riding out the storm: Organizational resilience of trade unions and civil society organizations following the military takeover in Myanmar) ခေါင်းစဉ်ဖြင့် ILO Brief တွင် လွှင့်တင်ထားသည်ကို တွေ့ရှိရပါသည်။

၂။ အဆိုပါ ILO Brief တွင် မြန်မာနိုင်ငံ၌ အလုပ်သမားခေါင်းဆောင်များအား ဖမ်းဆီးခြင်း၊ အကြမ်းဖက်ခြင်းများ ဆောင်ရွက်နေကြောင်းနှင့် "အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမား အဖွဲ့အစည်း(၁၆)ဖွဲ့ကို တရားမဝင်အဖွဲ့အစည်းများအဖြစ် ကြေညာခဲ့ကြောင်း၊ အလုပ်သမားသမဂ္ဂအဖြစ် တရားဝင်မှတ်ပုံတင်ရန် နည်းလမ်းမရှိသောကြောင့် အလုပ်သမားများအနေဖြင့် အလုပ်သမားအဖွဲ့အစည်းများ ထပ်မံဖွဲ့စည်းမှုမရှိကြောင်း" စသည့်အချက်များ ပါရှိကြောင်း တွေ့ရှိရပါသည်။

၃။ မြန်မာနိုင်ငံသည် အသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းခွင့် ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်(၈၇) အရ ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေကို ၂၀၁၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၉-၃-၂၀၁၂ ရက်နေ့တွင် စတင်အာဏာတည်ခဲ့ပါသည်။

၄။ အလုပ်သမားများသည် အလုပ်သမားရေးရာကိစ္စရပ်များကို ဆောင်ရွက်ရန်အတွက် အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းလိုပါက အလုပ်သမားအဖွဲ့အစည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ရမည်ဖြစ်ပြီး မှတ်ပုံတင်ထားသည့် အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားအဖွဲ့အစည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်ခွင့်ရှိပါသည်။

၅။ ထို့ပြင် နိုင်ငံ၏တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည့် အကြမ်းဖက်ခြင်း၊ ဆူပူမှုဖြစ်စေရန်ဆောင်ရွက်ခြင်း စသည့် အပြုအမူများကို လုပ်ဆောင်သည့် မည်သူမဆို နိုင်ငံ၏ သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ပါသည်။

၆။ အလုပ်သမားအဖွဲ့အစည်း (၁၆)ဖွဲ့နှင့်ပတ်သက်၍ "တရားမဝင်အဖွဲ့အစည်းများ" အဖြစ် ကြေညာခဲ့ခြင်းမဟုတ်ဘဲ အဆိုပါ (၁၆) ဖွဲ့သည် ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေအရ အလုပ်သမားဝန်ကြီးဌာနတွင် အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ဖွဲ့စည်းထားခြင်းမရှိဘဲ အလုပ်သမားအဖွဲ့အစည်း အမည်ခံ၍ အလုပ်သမားရေးရာကိစ္စများ ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အလုပ်သမားအဖွဲ့အစည်းဥပဒေအရ တရားဝင်မှတ်ပုံတင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ မဟုတ်ကြောင်း ကြေညာခဲ့ခြင်းဖြစ်ပါသည်။

၇။ ၁-၂-၂၀၂၁ ရက်နေ့နောက်ပိုင်းတွင်လည်း ယခင်ကာလများကဲ့သို့ပင် အလုပ်သမားများအနေဖြင့် ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်အညီ သက်ဆိုင်ရာ မြို့နယ်မှတ်ပုံတင် အရာရှိများနှင့် မှတ်ပုံတင်အရာရှိချုပ်ထံ အလုပ်သမားသမဂ္ဂအဖြစ် တရားဝင် မှတ်ပုံတင်လျှောက်ထားခဲ့၍ ၁-၂-၂၀၂၁ ရက်နေ့မှ ၃၀-၈-၂၀၂၂ ရက်နေ့အထိ အခြေခံအလုပ်သမားအဖွဲ့အစည်း ၂၆ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း ၁ ဖွဲ့နှင့် တိုင်းဒေသကြီးအလုပ်သမားအဖွဲ့အစည်း၂ ဖွဲ့တို့ကို အသိအမှတ်ပြု လက်မှတ်များထုတ်ပေးခဲ့ပြီး တည်ဆဲဥပဒေများနှင့်အညီ လှုပ်ရှားဆောင်ရွက်မှုများအပေါ် မည်သည့်ကန့်သတ်မှုမျှမရှိဘဲ အလုပ်သမားအဖွဲ့အစည်းများ ထပ်မံဖွဲ့စည်းမှုရှိပါသည်။

၈။ ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေအရ ၂၀၁၂ ခုနှစ်မှ ယနေ့အထိ အခြေခံအလုပ်သမားအဖွဲ့အစည်း ၂၈၇၆ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း ၁၆၀ ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်အလုပ်သမားအဖွဲ့အစည်း ၂၅ ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ် ၉ ဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ၁ ဖွဲ့၊ အခြေခံအလုပ်ရှင်အဖွဲ့အစည်း ၂၇ ဖွဲ့၊ မြို့နယ်အလုပ်ရှင်အဖွဲ့အစည်း ၁ ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့ချုပ် ၁ ဖွဲ့ စုစုပေါင်း ၃၁၀၀ ဖွဲ့တို့အား မှတ်ပုံတင် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့ပါသည်။

၉။ သို့ဖြစ်ပါ၍ ILO Website တွင် "ကြမ်းတမ်းသော အခက်အခဲကို ဖြတ်ကျော်ခြင်း– မြန်မာနိုင်ငံတွင် စစ်တပ်အာဏာသိမ်းပြီးနောက် အလုပ်သမားအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုရေး အဖွဲ့အစည်းများ၏ကြံ့ကြံ့ခံနိုင်မှု"(Riding out the storm: Organizational resilience of trade unions and civil society organizations following the military takeover in Myanmar) ခေါင်းစဉ်ဖြင့် ILO Brief လွှင့်တင်ထားရာတွင်ပါရှိသည့် "အလုပ်သမားအဖွဲ့အစည်း(၁၆)ဖွဲ့ကို တရားမဝင်အဖွဲ့အစည်းများအဖြစ် ကြေညာခဲ့သည်" ဟူသည့်အချက်နှင့် အလုပ်သမားများအနေဖြင့် အလုပ်သမားအဖွဲ့အစည်းများ ထပ်မံဖွဲ့စည်းမှုမရှိကြောင်း၊ စည်းရုံးရေးလှုပ်ရှားမှုမှန်သမျှကို အာဏာပိုင်များက တရားမဝင်ဟုသတ်မှတ်ကြောင်း" မမှန်မကန်ဖော်ပြချက်များကို ပြင်းထန်စွာ ကန့်ကွက်သည်။

အလုပ်သမားဝန်ကြီးဌာန
၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်။

တံတားဦး၌ ပြည်သူလူထုအခြေပြု သွေးလွန်တုပ်ကွေးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

တံတားဦး စက်တင်ဘာ ၂

တံတားဦးမြို့နယ်၌ ပြည်သူလူထုအခြေပြု သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှုထိန်းချုပ်ရေးလုပ်ငန်းကို အပတ်စဉ် သောကြာနေ့များတွင် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂ ရက်က တံတားဦးမြို့ အမှတ်(၁)ရပ်ကွက် တောင်ရပ်၌ မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့်စေတနာ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြသည်။

တံတားဦးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှုဟန့်တားနိုင်ရန်အတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများအပါအဝင် ပိုးလောက်လမ်းရှာဖွေစစ်ဆေးခြင်း၊ ရေလှောင်ကန်များတွင် ပိုးလောက်လမ်းသေစေနိုင်သော အဘိတ်ဆေးခတ်ပေးခြင်း၊ လောက်လမ်းစားငါးထည့်ခြင်း၊ ခြင်ပေါက်ပွားခိုအောင်းနိုင်သောနေရာများကို ရှင်းလင်းခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဗီနိုင်းပိုစတာများ အသုံးပြု၍ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းနှင့် ဖျားနာလူနာ ထောက်လှမ်းခြင်း စသည့်ကာကွယ်ရေးလုပ်ငန်းများကို အပတ်စဉ်သောကြာနေ့တွင် ကွင်းဆင်းဆောင်ရွက်နေကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်နွယ်နွယ်ဦးက ပြောသည်။

မြို့နယ်(ပြန်/ဆက်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၂

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဟုမ္မလင်းမြို့တွင် ၂ ဒသမ ၂၉ လက်မ၊ မိုးမိတ်မြို့တွင် ၁ ဒသမ ၉၃ လက်မ၊ မုံရွာမြို့တွင် ၁ ဒသမ ၇၆ လက်မ၊ ပုဏ္ဏားကျွန်းမြို့တွင် ၁ ဒသမ ၄၀ လက်မ၊ မင်းပြားမြို့တွင် ၁ ဒသမ ၂၈ လက်မ၊ စစ်တွေမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ တောင်သာမြို့တွင် ၁ ဒသမ ၀၂ လက်မ၊ ရန်ကုန် (မဂ်လာဒုံမြို့နယ်) တွင် ၀ ဒသမ ၉၄ လက်မနှင့် ရန်ကုန်မြို့ (မရမ်းကုန်းမြို့နယ်) တွင် ၀ ဒသမ ၉၀ လက်မ တို့ဖြစ်ကြသည်။

မိုး/ဇလ

ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်း ပထမတံခွန်စိုက်ဒိုင်းဆု ဆွတ်ခူးရရှိ

နေပြည်တော် စက်တင်ဘာ ၂

၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ဆက်လက်ကျင်းပရာ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိ၍ ပထမတံခွန်စိုက်ဒိုင်းဆုအား ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနား ဆက်လက်ကျင်းပရာ အကောင်းဆုံး ဂိုးသမားဆု ရရှိခဲ့သည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၁၈) ဟိန်းထက်စိုးနှင့် အကောင်းဆုံးနောက်တန်း အားကစားသမားဆု ရရှိခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၂၅) အောင်ဇင်ဖြိုးတို့ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက လည်းကောင်း၊ အကောင်းဆုံး အလယ်တန်းအားကစားသမားဆု ရရှိခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၇) ကျော်စိုးဦး၊ အကောင်းဆုံးရှေ့တန်းအားကစားသမားဆုရရှိခဲ့သည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၂၂) စောနေမျိုးထွန်းနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံး အားကစားသမားဆု ရရှိခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၁၁) မင်းမော်ဦးတို့ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းကလည်းကောင်း တစ်ဦးချင်းအကောင်းဆုံးဆုများနှင့် ငွေသားဆုများအား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ စတုတ္ထဆုရရှိခဲ့သည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ တတိယဆုရရှိခဲ့သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၂၀ ကို လည်းကောင်း၊ ပထမတံခွန်စိုက်ဒိုင်းဆု ရရှိခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက တစ်ဦးချင်း ဆုတံဆိပ်၊ ငွေကျပ်သိန်း ၃၀ နှင့် တံခွန်စိုက်ဒိုင်းဆုကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ် တည်ဆောက်နေပြီ Digital Payment နည်းလမ်းကို အသုံးပြုနိုင်ရေး အဆင့်အလိုက် ဆောင်ရွက်သွားမည်

နေပြည်တော် စက်တင်ဘာ ၂

လူမှုကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ် (SMIS)ကို တည်ဆောက်နေပြီဖြစ်ကြောင်း၊ ယင်းစနစ်ပြီးစီးပါက Manual စနစ်မှ Digital platform တစ်ခုကို အသုံးပြုပြီး အကျိုးခံစားခွင့် ရှိသူများအနေဖြင့် Digital Payment နည်းလမ်းကို အသုံးပြုနိုင်ရေး အဆင့်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနခ၌ ကျင်းပသည့် လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂) တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကားပြောကြားရာ၌ ယင်းသို့ထည့်သွင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများသည် ဆင်းရဲမှုလျှော့ချရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အစီအစဉ်များအတွက် အသုံးစရိတ်ကို ဝန်ကြီးဌာနအလိုက် သတ်မှတ်ပေးထားသည့် အသုံးစရိတ်မူဘောင် (Budget Ceiling)အတွင်းမှ ထပ်မံလိုအပ်သည်များ စိစစ်တွက်ချက်၍ သင့်လျော်အောင် မြှင့်တင်ပေးရန် ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း ပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က လူမှုကာကွယ် စောင့်ရှောက်ရေး အစီအစဉ်နှင့်ပတ်သက်၍ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကိုလည်းကောင်း၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို တင်ပြဆွေးနွေးကြပြီး လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များက အကြံပြုဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရ သည်။

သတင်းစဉ်

ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျဖြင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်စျေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူ နှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ရန်၊
(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊
(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(၈) ကြက်၊ငှက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ခြေကျင်လျှောက်သူများ လိုက်နာရမည့် အချက်များ (နည်းဥပဒေ ၃၂၆ နှင့် ၃၂၇)

၁။ ခြေကျင်လမ်းအသုံးပြုသူများသည် အောက်ပါအချက်များကို လိုက်နာရပါမည်-
(က) ခြေကျင်လျှောက်သူသည် လူသွားစင်္ကြံ သို့မဟုတ် သတ်မှတ်ထားသော လူသွားလမ်းရှိလျှင် ထိုနေရာပေါ်မှ သွားရမည်။
(ခ) ခြေကျင်လျှောက်သူသည် သာမန်အားဖြင့် မော်တော်ယာဉ်သွားလမ်းပေါ်သို့ မဆင်းရ။
(ဂ) ခြေကျင်လျှောက်သူသည် လူသွားစင်္ကြံ သို့မဟုတ် လူသွားလမ်းမရှိလျှင် တတ်နိုင်သမျှ လမ်း၏လက်ဝဲဘက်မှ ယာဉ်ကြောကို မျက်နှာမူ၍ ကပ်လျှောက်ရမည်။
(ဃ) ခြေကျင်လျှောက်သူသည် လမ်းမပိတ်ဆို့ရ။ ရင်ပေါင်တန်းမလျှောက်ရ။
(င) ခြေကျင်လျှောက်သူသည် ညအချိန်၌ မီးအလင်းရောင်အောက်တွင် မြင်သာသည့် အဝတ်အစား သို့မဟုတ် ရောင်ပြန်ပါသည့် အဝတ်အစားများ ဝတ်ဆင်ရမည်။

၂။ ခြေကျင်လျှောက်သူသည် လမ်းဖြတ်ကူးလိုလျှင် သတ်မှတ်ထားသည့်မြေအောက်လမ်း၊ ခုံးကျော်တံတား၊ လူကူးမျဉ်းကျားသို့မဟုတ် ခွင့်ပြုထားသည့်နေရာစသည်တို့မှသာ ဖြတ်ကူးရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ဒေသထွက်ကုန်တွေကို လွယ်ကူလျင်မြန် စျေးနှုန်းသက်သာစွာနဲ့ သယ်ယူနိုင်တယ်။ အရောင်းအဝယ် ပိုအဆင်ပြေလာလို့ ရထားလမ်းဖွင့်လှစ်ပြေးဆွဲပေးတာ ကျေးဇူးတင်ပါတယ်။

ဦးခွန်ခင်အောင်

ဦးဘုန်းမြင့်ဆွေ (ဒုရုံပိုင်မှူး)



ဦးခွန်ခင်အောင်

ဒေါ်နန်းခမ်းဖြူ

ကိုဇာနည်

မန္တယ်နီဝင်း

ခွန်တင်အောင်ဝင်း

မနန်းနွယ်နွယ်ဝင်း

တောင်ကြီး-ဆိုက်ခေါင်လမ်းပိုင်းရှိ တောင်ကြီး-ဘန်းယဉ်ခရီးစဉ် အမှတ် (၁၅၃) အဆန်၊ အမှတ် (၁၅၄) အစုန်ရထားကို စက်တင်ဘာ ၁ ရက်က ပြန်လည်ပြေးဆွဲခဲ့သည်။ အဆိုပါ ခရီးစဉ် ပြန်လည်ပြေးဆွဲမှုနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည် -

ဦးဘုန်းမြင့်ဆွေ
ဒုရုံပိုင်မှူး

မေး။ ။ ရထားပြန်လည်ပြေးဆွဲပေးတဲ့ အခြေအနေနဲ့ပတ်သက်လို့ ပြောပြပေးစေလိုပါတယ်။

ဖြေ ။ ။ ဒီရထားလမ်းကို ကိုဗစ်ကာလမှာ ယာယီရပ်နားထားပြီးတော့ ၁-၉-၂၀၂၂ ရက်နေ့မှာ လမ်းပိုင်းကို အဆင့်မြှင့်တင်ပြီး ပြန်လည်ပြေးဆွဲခဲ့တာဖြစ်ပါတယ်။ ရထားပြေးဆွဲတဲ့ မိုင်နှုန်းအကွာအဝေးကတော့ ဘန်းယဉ်ဘူတာကနေ တောင်ကြီးဘူတာအထိ ၃၃ ဒသမ ၇၅ မိုင်ရှိပါတယ်။ ရထားစီးခ လက်မှတ်အနေနဲ့တော့ ဘန်းယဉ်-နောင်အယ်ကို ငွေကျပ် ၁၀၀၊ ဘန်းယဉ်-ကက္ကူကို ငွေကျပ် ၇၀၀၊ ဘန်းယဉ်- ဟမ်းဆီးကို ငွေကျပ် ၁၁၀၀ ၊ ဘန်းယဉ်-နောင်ကားကို ငွေကျပ် ၁၆၀၀၊ ဘန်းယဉ်-ဖာမွန်း ငွေကျပ် ၂၀၀၀၊ ဘန်းယဉ်-တောင်ကြီးကို ငွေကျပ် ၂၅၀၀ ဖြစ်ပါတယ်။

ဒေသခံပြည်သူတွေ တောင်းဆိုချက်အရ တောင်ကြီး- ဆိုက်ခေါင်လမ်းပိုင်းရှိ တောင်ကြီး-ဘန်းယဉ် ခရီးစဉ်အမှတ်(၁၅၃)အဆန်နဲ့ အမှတ် (၁၅၄) အစုန်ရထားကို ပြန်လည်ပြေးဆွဲပေးတာဖြစ်ပါတယ်။ ဘန်းယဉ်ဘူတာကနေပြီးတော့ အစုန် (၁၅၄)ကို နံနက် ၅ နာရီ စထွက်ပြီး တောင်ကြီးကို နံနက် ၈ နာရီ ဆိုက်ရောက်ပါတယ်။ ယခင်ကတွဲဆိုင်းအဟောင်းနဲ့ ပြေးဆွဲခဲ့ပေမယ့် ယခုမှာတော့ ပြည်သူတွေအတွက် ပိုမိုအဆင်ပြေစေဖို့ တွဲဆိုင်းအသစ်တွေနဲ့ ပြန်လည်စတင်ပြေးဆွဲပေးခဲ့ပါတယ်။ ဆီဆိုင် - တောင်ကြီးသွားရင် ကားခငွေကျပ် ၅၀၀၀ ပေးရပြီး ရထားနဲ့သွားမယ်ဆိုရင် ငွေကျပ် ၂၅၀၀ သာဖြစ်လို့ ကုန်ကျစရိတ် တစ်ဝက်သက်သာစေပါတယ်။

ဦးခွန်ခင်အောင်
ကျောင်းချယ်ကျေးရွာ
ဘန့်ဗွီးကျေးရွာအုပ်စု၊
ဆီဆိုင်မြို့နယ်

မေး။ ။ ရထားလမ်း ပြန်လည်ပြေးဆွဲပေးတဲ့ အပေါ်မှာ ဒေသခံပြည်သူတစ်ယောက်အနေနဲ့ ဘယ်လိုခံစားရပါသလဲ။

ဖြေ ။ ။ အခုလို ရထားပြန်လည်ပြေးဆွဲပေးတဲ့ အတွက် ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ တောင်ကြီးစျေးနေ့ရောက်တိုင်း ကျွန်တော်တို့ စျေးသည်တွေ၊ ကုန်သည်တွေ တောင်ကြီးစျေးကို သွားရောင်းကြတယ်။ ကျွန်တော်တို့ ဒေသထွက်ကုန် ဖြစ်တဲ့ ပြောင်း၊ နာနတ်၊ ထောပတ်၊ မြေပဲ၊ ကြက်သွန်စတဲ့ စိုက်ပျိုးသီးနှံကို လွယ်ကူလျင်မြန်စွာနဲ့ စျေးနှုန်းသက်သာသာနဲ့ သယ်ယူပို့ချနိုင်တယ်။

နောက်ပြီး ကျွန်တော်တို့ ခရီးသွားပြည်သူအနေနဲ့လည်း ကက္ကူဘုရားနဲ့ တောင်ကြီးမှာရှိတဲ့ အထင်ကရဘုရားတွေကို သွားရောက်ဖူးမြော်နိုင်တယ်။ ဒီရထားလမ်း ပိတ်ထားတာက ကိုဗစ်-၁၉ ရောဂါဖြစ်ပြီးနောက် တစ်နှစ်ခွဲလောက်ရှိပြီ။ အခုလို ပြန်လည်ပြေးဆွဲပေးတဲ့အတွက် ဒေသထွက်ကုန် ရောင်းဝယ်ရာမှာ သယ်ယူစရိတ်ကုန်ကျမှုသက်သာပြီး အရောင်းအဝယ်ပိုပြီး အဆင်ပြေလာတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ရထားလမ်း အခုလို ပြန်လည်ဖွင့်လှစ်ပြီး ပြေးဆွဲပေးတဲ့အတွက် တာဝန်ရှိသူတွေကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

ဒေါ်နန်းခမ်းဖြူ
ဒေသထွက်ကုန်နှင့် ၄က်ပျောသီးရောင်းချသူ
ဟမ်းဆီးတောင်ရွာ
ကျောက်တလုံးကြီးမြို့၊ တောင်ကြီးမြို့နယ်

အရင်က ဒေသထွက်သီးနှံတွေကို အသွားအပြန် ရထားနဲ့ လာရောင်းချလို့ရတဲ့အတွက် စျေးနှုန်းသက်သာခဲ့ပါတယ်။ ကိုဗစ်ကာလမှာ ရထားတွေ ရပ်နားထားလို့ ကားနဲ့လာရောင်းရတော့ ကုန်စျေးနှုန်း၊ ကားခစျေးကြီးမှုနဲ့ ကြုံတွေ့ရပါတယ်။ အခုလို ရထားလမ်းပိုင်း ပြန်လည်ပြေးဆွဲပေးတဲ့အတွက် စျေးနှုန်းသက်သာစွာနဲ့ ရောင်းဝယ်ဖောက်ကားမှုလွယ်ကူတာမို့ ရထားလမ်းကို ရာသက်ပန်ပြေးဆွဲပေးစေလိုပါတယ်။ ပြေးဆွဲပေးတဲ့အတွက်လည်း ဝမ်းသာပီတိဖြစ်ရပါတယ်။

ကိုဇာနည်
ဒေသထွက်ကုန်နှင့် ဘုရားပန်းရောင်းချသူ
ကက္ကူကျေးရွာ
ကျောက်တလုံးကြီးမြို့
တောင်ကြီးမြို့နယ်

အခုလို ရထားလမ်း ပြန်လည်ပြေးဆွဲပေးတဲ့အတွက် ဒေသထွက်ကုန်ပစ္စည်းတွေ တင်ဆောင်ရလွယ်ကူပြီး အကျိုးအမြတ်ပိုမိုရရှိတဲ့အတွက် စားဝတ်နေရေး ပိုအဆင်ပြေပါတယ်။ ဒေသထွက်ကုန်ပစ္စည်းတွေကို နေ့စဉ်ရထားနဲ့ လာရောက်ပို့ဆောင်ရောင်းချရတဲ့အတွက် အဆင်ပြေပါတာမို့ ကျေးဇူးတင်ပါတယ်။

မန္တယ်နီဝင်း
ခရီးသည်
ဖာမွန်းကျေးရွာ၊ တောင်ကြီးမြို့နယ်

ဖာမွန်းကနေ တောင်ကြီးကို ဆိုင်ကယ်နဲ့ လာရောက်လည်ပတ်ရတော့ သွားလာစရိတ်ကြီးမြင့်တဲ့အတွက် အဆင်မပြေဘူး။ အခု ရထားနဲ့ ဖာမွန်းကနေ တောင်ကြီးကို လာရောက်လည်ပတ်ရတဲ့အခါ အချိန်ပိုရပြီး အဆင်ပြေပါတယ်။ ဝမ်းသာကျေနပ်ပါတယ်။

ခွန်တင်အောင်ဝင်း
ဒေသထွက်ပစ္စည်း ရောင်းချသူ
ဟမ်းဆီးကျေးရွာ
ကျောက်တလုံးကြီးမြို့၊ တောင်ကြီးမြို့နယ်

ဒေသထွက်ကုန်တွေကို အရင်က ဆိုင်ကယ်နဲ့ လာရောင်းချရတော့ အဆင်မပြေဘူး။ အခု ရထားနဲ့ သယ်ဆောင်ရောင်းချရတာ အဆင်ပြေပါတယ်။ ကုန်ကျစရိတ်သက်သာတော့ အမြတ်ငွေ ပိုမိုရရှိပါတယ်။ အခုလို ရထားလမ်းပြန်လည်ပြေးဆွဲပေးတဲ့အတွက် အလွန်အဆင်ပြေပါတယ်။

မနန်းနွယ်နွယ်ဝင်း
ဟမ်းဆီးကျေးရွာနေ စျေးရောင်းစျေးဝယ်သူ
ကျောက်တလုံးကြီးမြို့၊ တောင်ကြီးမြို့နယ်

အရင်တုန်းက တောင်ကြီးစျေးမှာ ရောင်းဖို့ စျေးပတ်ကားနဲ့ လာရတော့ အသွား-အပြန် ကုန်ကျစရိတ်ကြီးမြင့်တယ်။ အခု တောင်ကြီးနဲ့ ဟမ်းဆီးကို ရထားနဲ့ လာရောင်းချရတာမို့ ကုန်ကျစရိတ်သက်သာပါတယ်။ ရထားနဲ့ လာရတဲ့အတွက် အမြတ်ငွေပိုကျန်တယ်။ အခုလို ရထားပြန်လည်ပြေးဆွဲပေးတဲ့အတွက် ဝမ်းသာပါတယ်။ အရင်ကမော်တော်ယာဉ်နဲ့ သွားရတော့ ကားခစျေးနှုန်းကြီးမြင့်ပြီး စားဝတ်နေရေး ခက်ခဲပါတယ်။ အခု ရထားနဲ့ဆိုတော့ လာရောင်းချရတာ အချိန်ပိုရပြီး အမြတ်ငွေပိုကျန်တဲ့အတွက် ရထားယခုလို ပြန်လည်ပြေးဆွဲပေးတာကို ကျေးဇူးတင်ပါတယ်။

တွေ့ဆုံမေးမြန်း - မောင်မောင်သန်း(တောင်ကြီး)
ဆီဆိုင်(ပြန်/ဆက်)

ဘားအံမြို့မစျေး သားငါးစျေးရုံသစ်တည်ဆောက်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေး ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် ကရင်ပြည်နယ်နေ့အမီ ပြီးစီးမည်

ဘားအံ စက်တင်ဘာ ၂

ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသတွင်းဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး လူအများစုဝေးရာ စားသုံးကုန်၊ လူသုံးကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားရာ ဌာနနေရာများကို ခေတ်စနစ်နှင့် လျော်ညီ၍ သန့်ရှင်းသပ်ရပ်သော၊ သက်သောင့်သက်သာဖြစ်စေသော စျေးများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ဘားအံမြို့မစျေး သား ငါးစျေးရုံသစ် တည်ဆောက်ခြင်းနှင့် မာန်အောင်စျေးရုံများ အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ (ယာပုံ)

သား ငါး စျေးရုံသစ်တည်ဆောက်

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့မစျေး သားငါးစျေးရုံသစ်တည်ဆောက်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ စျေးတာဝန်ခံရုံးခန်း၌ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူက ၆၆၀ x ၄၂ ပေ R.C.C နှစ်ထပ် သားငါးစျေးရုံသစ် (မြို့မစျေး) တည်ဆောက်ခြင်းလုပ်ငန်း၊ ရေ၊ မီး၊ မိလ္လာပြည့်စုံရေး စီမံဆောင်ရွက်ထားသည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ စျေးကော်မတီဝင်များက စျေးရုံသစ်တည်ဆောက်ရေးလုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ လိုအပ်သည်များ မှာကြားသည်။

၇၀ ရာခိုင်နှုန်း ပြီးစီး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယခင် ပျံကျစျေးပုံစံမျိုးဖြင့်သာ တည်ရှိပြီး စည်းစနစ်ကျနမှုမရှိသော ကျပ်တည်းကျဉ်းမြောင်းစွာ စျေးရောင်းကိုစျေးဝယ် ပြုလုပ်နေကြသော ဘားအံမြို့ အမှတ် (၅) ရပ်ကွက်ရှိ မာန်အောင်စျေး(ရဲဘော်စျေး)ကို ၉၂ ပေ x ၅၂ ပေ x ၁၃ ပေ Steel Structure အမျိုးအစား စျေးရုံသုံးရုံ တည်ဆောက်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှု စစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက လုပ်ငန်းတစ်ခုလုံးအနေဖြင့် ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် ကရင်ပြည်နယ်နေ့အမီ ပြီးစီးမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

စနစ်တကျ နေရာချ

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က စုစုပေါင်း ကုန်ကျငွေ ၄၉၁ ဒသမ ၇၁ သန်းဖြင့် စျေးရုံတည်ဆောက်ခြင်းလုပ်ငန်း၊ ခြံစည်းရိုး ပြုလုပ်ခြင်းလုပ်ငန်း၊ စျေးအဖွဲ့ရုံး ဆောက်လုပ်ခြင်း၊ အများသုံး သန့်စင်ခန်းပြုလုပ်ခြင်း၊ ရေလှောင်ကန်နှင့် ရေစင်တည်ဆောက်ခြင်း၊ စျေးရေမြောင်း ပြုလုပ်ခြင်းနှင့် ပျံကျစျေးရောင်းနေရာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆိုင်ခန်ပေါင်း ၁၅၄ ခန်းနှင့် ပျံကျစျေးရောင်းနေရာများအား စနစ်တကျ နေရာချထားပေးရန်၊ ယာဉ်ရပ်နားရာနေရာများ ထည့်သွင်းဆောင်ရွက်ပေးရန်နှင့် လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

တပ်မတော်ဆေးရုံများ၌ သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံတို့၌ သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအားဆေးဝါးကုသပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ



တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုရှု၍ တစ်ဦးချင်း ၅၊ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားပြီး **(အပေါ်ပုံ)** စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ခန္ဓီးမြို့၌ ယာဉ်စည်ကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲ ဆောင်ရွက်

ခန္ဓီး စက်တင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးမြို့၌ ယာဉ်စည်ကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက အခြေခံပညာအထက်ကျောင်း(ခန္ဓီး) ကျန်စစ်သားခန်းမဆောင်အတွင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဒေါ်လှလှမြင့်က အမှာစကားပြောကြားပြီး မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီအတွင်းရေးမှူး ရဲမှူး ဥာဏ်မြင့်က ဟောပြောပွဲပြုလုပ်ရခြင်းရှင်းလင်းပြောကြားသည်။ ထို့နောက် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဗီဒီယိုဖိုင်များကို ကျောင်းသား ကျောင်းသူများအား ဖွင့်လှစ်ပြသခဲ့ပြီး ရဲအုပ် နိုင်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လက်တွေ့သရုပ်ပြသခြင်းအဖြစ် အ.ထ.က ကျောင်းထောင့် ရန်ရှင်း လမ်းစုံတွင် စက်ဘီးစီးခြင်း၊ ဆိုင်ကယ်စီးခြင်း၊ ကားမောင်းခြင်း၊ လမ်းလျှောက်ခြင်း၊ လမ်းဖြတ်ကူးခြင်း စသည့် ဆောင်ရန်/ရှောင်ရန်နှင့် လိုက်နာရမည့် စည်းကမ်းချက်များကို အမှား / အမှန် ပုံဖော်သရုပ်ပြသ ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါသရုပ်ပြပွဲသို့ ခန္ဓီးတပ်နယ်မှူး ဗိုလ်မှူးကြီး သက်ထူးစံနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ တက်ရောက်အားပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများက စိတ်ဝင်တစားကြည့်ရှုကြောင်း သိရသည်။

ယွန်း(မုံရွာကိုယ်ပွား)

ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသော စျေးနှုန်းများဖြင့် ရောင်းချ

နေပြည်တော် စက်တင်ဘာ ၂

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေးအထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။ **(အောက်ပုံ)**

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေ မြို့နယ် စိန်ပန်းရပ်ကွက် ၃၆ x ၃၇ ကြား ကမ်းနားလမ်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများက တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများ စသည့်စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်စျေးထက် သက်သာသောစျေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၉-၂၀၂၂

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၃၉၅	၂၄၄၀	၂၄၃၅	၂၄၀၅	၂၄၄၀	၂၄ဖ၅	၂၄၅၀	၂၄၂၅	၂၅၂၀	၂၅၃၅	၂၄၃၅	၂၄၄၀	၂၄၇၅	၂၄၇၅	၂၄၈၀	၂၇၀၀	၃၁ဖ၀
95 Ron	၂၄၉၅	၂၅၄၅	၂၅၄၀	၂၅၀၅	၂၅၄၀	၂၅ဖ၅	၂၅၅၀	၂၅၃၀	၂ဖ၂၀	၂ဖ၄၀	၂၅၃၅	၂၅၅၀	၂၅၈၀	၂၅၈၀	၂၅၈၀	၂၈၀၀	၃၂၂၀
HSD (500 ppm)	၃၀၄၀	၃၀၈၅	၃၀၈၅	၃၀၅၀	၃၀၈၅	၃၁၁၀	၃၁၀၅	၃၀၇၀	၃၁၈၅	၃၁၈၀	၃၀၈၀	၃၀၉၀	၃၁၂၀	၃၁၂၅	၃၁၂၅	၃၃၄၅	၃၈၈၀
HSD (50 ppm)	၃၁၂၅	၃၁၇၀	၃၁၇၀	၃၁၃၅	၃၁၇၀	၃၁၉၅	၃၁၉၀	၃၁၅၅	၃၂၇၀	၃၂ဖ၅	၃၁ဖ၅	၃၁၇၅	၃၂၀၅	၃၂၁၀	၃၂၁၀	၃၄၃၀	၃၉၁၅
HSD (10 ppm)	၃၁၂၅	၃၁၇၀	၃၁၇၀	၃၁၃၅	၃၁၇၀	၃၁၉၅	၃၁၉၀	၃၁၅၅	၃၂၇၀	၃၂ဖ၅	၃၁ဖ၅	၃၁၇၅	၃၂၀၅	၃၂၁၀	၃၂၁၀	၃၄၃၀	၃၉၁၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၂၈၅	၂၃ဖ၄
95 Ron	၂၃၈၄	၂၄ဖ၅
HSD (500 ppm)	၂၉၁၄	၃၀၀၂
HSD (50 ppm)	၂၉၉၄	၃၀၈၄
HSD (10 ppm)	၂၉၉၄	၃၀၈၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ရန်ကုန်မြို့နေ ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရန် ဈေးကားဖြင့် လိုက်လံရောင်းချပေး

ရန်ကုန် စက်တင်ဘာ ၂ ကုန်စိမ်း၊ ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး၊ ပုစွန် အမျိုးမျိုးတို့ကို ရန်ကုန်မြို့နေ ပြည်သူများ ဈေးနှုန်းသက်သာစွာ အလွယ်တကူ ဝယ်ယူနိုင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီက ရွှေ့လျားဈေး ကားဖြင့် လိုက်လံရောင်းချပေး လျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ကမာရွတ်မြို့နယ် ဗဟိုလမ်းရှိ နာနတ်တောစည်ပင် သာယာရဲတပ်ဖွဲ့ လိုင်းခန်း၊ အလုံ မြို့နယ် ဌာနာရပ်ကွက်၊ ရန်ကင်း မြို့နယ် ပြည်သာယာအိမ်ရာနှင့် ရွှေအုန်းပင်အိမ်ရာ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဗိုလ်ဗထူး အိမ်ရာနှင့် ဗိုလ်မင်းရောင် အိမ်ရာ သို့ သွားရောက်ရောင်းချပေးခဲ့ ကြောင်း သိရသည်။

ထိုသို့ ရွှေ့လျားဈေးကား (Mobile Market) စနစ်ဖြင့် လိုက်လံရောင်းချနေမှုကို ရန်ကုန် မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှု စစ်ဆေးပြီး ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြား ချက်များ၊ အသိပေးချက်များကို လိုက်နာ၍ ဈေးရောင်း၊ ဈေးဝယ် ပြုလုပ်ကြရန် မှာကြားကာ ဈေး ရောင်း၊ ဈေးဝယ်သူများကို နှာခေါင်းစည်းများ ဝေငှကြသည်။

ထို့ပြင် မြို့တော်ဝန်နှင့်အဖွဲ့ သည် လှိုင်မြို့နယ် (၁၄)ရပ်ကွက် ဘုရင့်နောင်လမ်း အရှေ့ဘက် ခြမ်း အုတ်ကျင်းဘူတာရုံလမ်းနှင့် ပိတောက်ချောင်းအကြား အုတ် ရေမြောင်း တည်ဆောက်နေမှု၊ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်၊ မင်းခမ္မလမ်း အရှေ့ဘက် အခြမ်း (ကျိုက်ဝိုင်းဘုရားလမ်းနှင့် အောင်သိန္ဓိလမ်းအကြား) လူသွား စင်္ကြံ Interlock ခင်းကျင်းနေမှု၊ လှိုင်မြို့နယ် (၁၂)ရပ်ကွက် ပါရမီ လမ်း တောင်ဘက်အခြမ်း (မင်း ဓမ္မလမ်းနှင့် သမိုင်းကောလိပ်လမ်း အကြား)လူသွားစင်္ကြံ စက်ဘီးလမ်း ပြုလုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေး ပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

သီပေါမြို့၌ လေပြင်းတိုက်ခတ်၍ သစ်ပင်ကြီးတစ်ပင်ပြိုလဲ

သီပေါ စက်တင်ဘာ ၂

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ စက်တင်ဘာ ၁ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးရွာသွန်းမှုကြောင့် ဇာတ်စု ရပ်ကွက် နယ်မြေ(၈)လမ်းပေါ်၌ လုံးပတ်ခြောက်ပေ၊ အမြင့်ပေ ၅၀ ရှိ သစ်ယာပင်ကြီး လဲကျ၍ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။

သစ်ပင်လဲကျ၍ လမ်းပိတ်ဆို့မှုဖြစ်ပွားသည့်နေရာသို့ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းနှင့် မြို့နယ်မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးအောင်ကြည်ထွန်းတို့ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင် များက နယ်စည်းမခြားပရဟိတအသင်းဝင်များနှင့်ပူးပေါင်းကာ လဲကျ နေသော သစ်ပင်ကြီးကို ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ပေးခဲ့ရာ စက်တင်ဘာ ၂ ရက်တွင် ရှင်းလင်းပြီး၍ ပုံမှန်အတိုင်း ဖြတ်သန်းသွား လာနိုင်ပြီဖြစ်ကြောင်း သိရသည်။

စိုင်း (သီပေါ)

❖ *ကျောဖုံးမှ*

အဆိုပါ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် တင်ဒါအောင်မြင်သည့် ဆန်းမြတ်ထွန်းကုမ္ဏီမှ တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ နေပြည်တော် ရေပန်းဥယျာဉ် နှစ်ရှည်ဌားရမ်းခြင်းဆိုင်ရာ သဘောတူ စာချုပ်ကို အပြန်အလှန်လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။

အဆိုပါ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနား တွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်က လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသည့် ကုမ္ဏီအနေဖြင့် အများပြည်သူအပန်းဖြေနေရာအဖြစ် လူတန်းစားမရွေး ဝင်ရောက် လည်ပတ်နိုင်ရန် ရေပန်းဥယျာဉ် ဝင်ကြေးကို သင့်တော်သော နှုန်းထား ဖြင့်သာ ကောက်ခံရန် လိုအပ်ကြောင်း၊ နေပြည်တော် ရေပန်းဥယျာဉ် အတွင်း ဒေသတိုင်းရင်းသားရိုးရာစားသောက်ဆိုင်များ၊ အထည်ဆိုင်များ၊ သန့်ရှင်းသပ်ရပ်သည့် ခေတ်မီစားသောက်ဆိုင်များ၊ နည်းပညာဆန်းသစ် သော ကစားကွင်းများနှင့်ပြပွဲများ ထည့်သွင်းဆောင်ရွက်ရန်နှင့် တစ်နှစ် ထက်တစ်နှစ် မတူညီသည့်ဆန်းသစ်မှုများ၊ အဆင့်မြှင့်တင်မှုလုပ်ငန်း များကို စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ရန် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မိုးညှင်းမြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး

မိုးညှင်း စက်တင်ဘာ ၂

ကချင်ပြည်နယ် မိုးညှင်းမြို့၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်ဘဏ်ခွဲမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ များကို မေ ၁၆ ရက်မှ စတင်ထုတ်ချေးပေးခဲ့ရာ ဩဂုတ် ၃၁ ရက်အထိ ချေးငွေကျပ် ၃၂၄၃၄၅၀၀၀ ကို ထုတ်ချေးပေးနိုင်ခဲ့သည်။

မိုးညှင်းမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်ဘဏ်ခွဲအနေဖြင့် ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုး စရိတ်ချေးငွေများ ထုတ်ချေးပေးခဲ့ရာတွင် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၂ အုပ်စု၊ တောင်သူ ၂၉၅၇ ဦး၊ မိုးစပါးစိုက်ပျိုးဧက ၂၁ဖ၂၃အတွက် ချေးငွေကျပ် ၃၂၄၃၄၅၀၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် မိုးစပါးစိုက်ပျိုးချေးငွေများကို ထုတ်ချေး ပေးခဲ့ခြင်းဖြစ်သည်။

ဇွဲသူရအောင်(မိုးညှင်း)

အာဂျင်တီးနား ဒုတိယသမ္မတ သေနတ်ဖြင့် အနီးကပ်လုပ်ကြံခံခဲ့ရသော်လည်း ကံကောင်းထောက်မစွာလွတ်မြောက်

ဗျူနိုအေးရိစ် စက်တင်ဘာ ၂

အာဂျင်တီးနား ဒုတိယသမ္မတ ခရစ်စတီးနာဖာနန်ဒက်ဇ် ဒီကာ့ချ်နာသည် သေနတ်ပစ်ခတ်လုပ်ကြံမှုမှ ပွတ်ကာသီကာလွတ်မြောက်ခဲ့သည်။ သေနတ်သမားသည် ၎င်းကို အနီးကပ် ပစ်ခတ်လုပ်ကြံရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

စက်တင်ဘာ ၁ ရက်က ဖာနန်ဒက်ဇ်ဒီကာ့ချ်နာသည် ဗျူနိုအေးရိစ်ရှိ ၎င်း၏အိမ်အပြင်ဘက်တွင် ထောက်ခံသူများကို နှုတ်ဆက်နေစဉ် အဆိုပါဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

သေနတ်သမားသည် အနီးသို့တိုးလာပြီး သေနတ်ဖြင့်ပစ်ခတ်ခဲ့သည်။ သေနတ်သည် ကျည်ဖြည့်ထားသော်လည်း ဂျမ်းဖြစ်သွားခဲ့သည်။ ထို့ကြောင့် မည်သည့်ထိခိုက်မှုမှမရှိဘဲ ကံကောင်းထောက်မစွာ ဖာနန်ဒက်ဇ် လွတ်မြောက်ခဲ့သည်။

ဗီဒီယိုဖိုင်တွင် သေနတ်သမားအမျိုးသားသည် သေနတ်ကိုင်ပြီး လက်ကိုရှေ့တန်းလိုက်သည်ကို တွေ့ရသည်။

တခြားဗီဒီယိုဖိုင်တစ်ခုတွင် သေနတ်ဖြင့် မျက်နှာကို ချိန်လိုက်သောအခါ ဒုတိယသမ္မတသည် ဆတ်ခနဲ ရှောင်တိမ်းခဲ့ကြောင်းပြခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဘရာဇီးလူမျိုးဟုယူဆရသည့် သေနတ်သမားကို ချက်ချင်းဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ဖာနန်ဒက်ဇ်သည် နိုင်ငံ၏ သမ္မတအဖြစ် ၂၀၁၅ ခုနှစ်အထိ ရှစ်နှစ်ကြာအောင် တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုအချိန်က အကျင့်ပျက်ခြစားမှုတွင် ပါဝင်ပတ်သက်မှုဖြင့် တရားစွဲဆိုခံခဲ့ရသည်။

သမ္မတ အယ်လ်ဘာတို ဖာနန်ဒက်ဇ်က သေနတ်ပစ်ခတ်လုပ်ကြံမှုသည် နိုင်ငံတော် ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေချိန်တွင် အဆိုးဆုံးဖြစ်ရပ်တစ်ခုဖြစ်ကြောင်း ကြေညာခဲ့သည်။

အင်နန်အိတ်ချ်ကေ

အာဂျင်တီးနား ဒုတိယသမ္မတ ခရစ်စတီးနာဖာနန်ဒက်ဇ်ဒီကာ့ချ်နာကို သေနတ်သမားက သေနတ်ဖြင့် ချိန်ရွယ်ပစ်ခတ်နေသည်ကို တွေ့ရစဉ်။

သီရိလင်္ကာနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဟောင်းအား နိုင်ငံခြားခရီးသွားခွင့် ခွင့်ပြုပေး

ကိုလံဘို စက်တင်ဘာ ၂

သီရိလင်္ကာနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဟောင်း ဘာဆယ်ရာဂျာပျိုခ်ဆာကို နိုင်ငံတော် တရားရုံးချုပ်က ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်အထိ နိုင်ငံခြားခရီးသွားခွင့်ကို စက်တင်ဘာ ၂ ရက်တွင် ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

၎င်း၏ ရှေ့နေများက ရာဂျာပျိုခ်ဆာကို ဆေးကုသမှုခံယူရန်အတွက် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ခွင့်ပြုရန် အယူခံဝင်ခဲ့ပြီးနောက် တရားရုံးချုပ်က ၂၀၂၃ ခုနှစ် ဇန်နဝါရီလတိုင်အောင် နိုင်ငံခြားခရီးသွားခွင့်ကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်ဟောင်း မာဟင်ဒါရာဂျာပျိုခ်ဆာနှင့် ဘဏ္ဍာရေးဝန်ကြီးဟောင်း ဘာဆယ်ရာဂျာပျိုခ်ဆာကို စက်တင်ဘာ ၅ ရက်အထိ နိုင်ငံအတွင်းမှ ထွက်ခွာခွင့်ကို ပိတ်ပင်ထားကြောင်း နိုင်ငံတော်တရားရုံးချုပ်က အစောပိုင်းတွင် ထုတ်ပြန်ခဲ့သည်။

လက်ရှိ ဖြစ်ပေါ်နေသော စီးပွားရေးအကျပ်အတည်းအတွက် တာဝန်ရှိသူအားလုံးကို စုံစမ်းစစ်ဆေးမှု စတင်ဆောင်ရွက်ရန် လက်ရှိအစိုးရထံ အခြေခံအခွင့်အရေးများ လျှောက်ထားမှု နှစ်ခုကို တင်သွင်းပြီးနောက် အဆိုပါအမိန့်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဟောင်း ဘာဆယ် ရာဂျာပျိုခ်ဆာ။

သီရိလင်္ကာနိုင်ငံသည် နိုင်ငံခြားငွေပြတ်လပ်မှုကြောင့် လက်ရှိတွင် အဆိုးရွားဆုံး စီးပွားရေးအကျပ်အတည်းများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ဆင်ဟွာ

အိန္ဒိယနိုင်ငံသည် နိုင်ငံတွင်းတည်ဆောက်ခဲ့သော ပထမဆုံးလေယာဉ်တင် သင်္ဘောတပ်တော်ဝင်

နယူးဒေလီ စက်တင်ဘာ ၂

အိန္ဒိယနိုင်ငံသည် နိုင်ငံတွင်း၌ တည်ဆောက်ခဲ့သော ၎င်း၏ ပထမဆုံးလေယာဉ်တင် သင်္ဘောသည် စက်တင်ဘာ ၂ ရက်က တပ်တော်ဝင်ခဲ့ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

နိုင်ငံတွင်း တည်ဆောက်ခဲ့သော အိုင်အင်နာအက်စ် ဗစ်ခရန့် ဟုခေါ်သည့် အဆိုပါ လေယာဉ်တင် သင်္ဘောသည် အလျား ၂၆၂ မီတာရှည်ပြီး တန်ချိန် ၄၃၀၀၀ ရှိသည်။ သင်္ဘော၏ ၇၆ ရာခိုင်နှုန်းကို ပြည်တွင်းမှ ရယူခဲ့သည်။ ထို့ပြင် အဆိုပါသင်္ဘောသည် အမ်အိုင်ဂျီ - ၂၉ တိုက်ခိုက်ရေး ဂျက်လေယာဉ်များ အပါအဝင် လေယာဉ် အစင်း ၃၀ ကို တင်ဆောင်နိုင်မည် ဖြစ်သည်။

ယခု တပ်တော်ဝင်ခဲ့သော လေယာဉ်တင် သင်္ဘောသည် အိန္ဒိယနိုင်ငံ၏ ဒုတိယမြောက် လေယာဉ်တင်သင်္ဘောဖြစ်သည်။

နိုင်ငံတောင်ပိုင်း ပြည်နယ် ကီရာလာရှိကိုချီတွင် ကျင်းပသော သင်္ဘောတပ်တော်ဝင် အခမ်းအနားတွင် ဝန်ကြီးချုပ် နာရိန်ဒရာမိုဒီက မိန့်ခွန်းပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံသည် ကြီးမားသည့် လေယာဉ်တင် သင်္ဘောကြီးများ တည်ဆောက်နိုင်သည့် နိုင်ငံများနှင့် ပူးပေါင်းဆောက်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယခုသင်္ဘောသည် ၂၁ ရာစုတွင် အိန္ဒိယနိုင်ငံ၏ ကြိုးစားအားထုတ်မှု၊ စွမ်းရည်၊ သြဇာအရှိန်အဝါနှင့် ကတိကဝတ်များကို သက်သေပြခဲ့ခြင်းဖြစ်ကြောင်း မိုဒီက ပြောကြားခဲ့သည်။

အင်ဒို- ပစိဖိတ်ဒေသနှင့် အိန္ဒိယသမုဒ္ဒရာတို့ကို အချိန်အတော်ကြာလျစ်လျူရှုခဲ့ကြောင်း၊ သို့သော်လည်း ယခုအခါတွင် အဆိုပါဒေသများသည် အိန္ဒိယနိုင်ငံအတွက် အဓိကကာကွယ်ရေးဦးစားပေးဒေသများဖြစ်လာပြီ ဖြစ်ကြောင်း၊ အင်အားတောင့်တင်းသော အိန္ဒိယနိုင်ငံသည် ငြိမ်းချမ်းပြီး လုံခြုံစိတ်ချရသော ကမ္ဘာကြီးအတွက် လမ်းခင်းပေးလိုက်ခြင်းဖြစ်ကြောင်း မိုဒီကဆက်လက်ပြောကြားလိုက်သည်။

အင်နန်အိတ်ချ်ကေ

အိုင်အင်နာအက်စ် ဗစ်ခရန့် လေယာဉ်တင် သင်္ဘော။

အီရတ်နိုင်ငံသည် ဩဂုတ်လတွင် ရေနံစိမ်းစည်ပေါင်း သန်း ၁၀၀ ကျော် တင်ပို့နိုင်

ဘဂ္ဂဒက် စက်တင်ဘာ ၂

အီရတ်နိုင်ငံသည် ဩဂုတ်လအတွင်း ရေနံစိမ်းစည်ပေါင်း ၁၀၁ ဒသမ ၈၅ သန်းတင်ပို့နိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၉ ဒသမ ၇၈ ဘီလီယံ ရရှိခဲ့ကြောင်း အီရတ်နိုင်ငံရေနံဝန်ကြီးဌာနက စက်တင်ဘာ ၁ ရက်တွင် ပြောကြားသည်။

ဩဂုတ်လအတွင်း ရေနံစိမ်း၏ ပျမ်းမျှစျေးနှုန်းမှာ တစ်စည်လျှင် ၉၆ ဒသမ ၀၅ ဒေါ်လာရှိကြောင်း ရေနံစျေးကွက်ရှာဖွေရေးအဖွဲ့၏ စာရင်းအချက်အလက်များကို ကိုးကား၍ ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရေနံစည်စုစုပေါင်း ၁၀၀ ဒသမ ၇၅ သန်းကို ဘာဆရာမြို့ဆိပ်ကမ်းမှတစ်ဆင့် အီရတ်နိုင်ငံအလယ်ပိုင်းနှင့်တောင်ပိုင်း ရေနံများကို တင်ပို့နိုင်ခဲ့ပြီး မြေထဲပင်လယ်ရှိ တူကီယဲဆိပ်ကမ်း စိုင်ဟန်မြို့မှတစ်ဆင့် ကာကွယ်ပြည်နယ်မြောက်ပိုင်းမှ ရေနံစည် ၁ ဒသမ ၁၀ သန်းကို တင်ပို့နိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဖေဖော်ဝါရီလအတွင်းမှစကာ ကမ္ဘာ့စျေးကွက်တွင် ရေနံစျေးနှုန်းများ မြင့်တက်လာခဲ့သည်။ အီရတ်နိုင်ငံ၏ စီးပွားရေးသည် ရေနံစိမ်းတင်ပို့မှုပေါ်တွင် အဓိကမှီခိုနေရပြီး နိုင်ငံ့ဝင်ငွေ၏ ၉၀ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။

ဆင်ဟွာ

ဂျပန်နိုင်ငံ၌ စက်တင်ဘာလလယ်တွင် ဦးစားပေးအုပ်စုများအား အိုမီခရွန်ကာကွယ်ဆေး ဖြန့်ဖြူးပေးမည်

တိုကျို စက်တင်ဘာ ၂

ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာလလယ်ခန့်တွင် အိုမီခရွန်မျိုးကွဲများကို ပစ်မှတ်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေးဝန်ထမ်းများကို စတင်ဖြန့်ဖြူးပေးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံတွင် ပထမနှစ်ကြိမ် ထိုးနှံပြီးသည့် အသက် ၁၂ နှင့် အထက် ပြည်သူများသည် အိုမီခရွန် အပိုဆောင်းထိုးနှံရန်အတွက် အကျုံးဝင်ကြောင်း စက်တင်ဘာ ၂ ရက်တွင် ဝန်ကြီးဌာန၏ ကျွမ်းကျင်သူအဖွဲ့က ဆုံးဖြတ်ခဲ့သည်။

အဆိုပါ ကာကွယ်ဆေးသစ်သည် ကနဦးကိုဗစ်-၁၉ မျိုးစိတ်နှင့် BA.1 အိုမီခရွန်မျိုးကွဲနှစ်ခုလုံးအတွက် အဓိကထား ရည်ရွယ်ထုတ်လုပ်ထားသော အဆိုပါ ကာကွယ်ဆေးသစ်ကို bivalent ဟုခေါ်ပြီး လက်ရှိ ကူးစက်ဖြစ်ပွားနေသော BA.5 အမျိုးအစားကိုလည်း ထိရောက်စွာ နှိမ်နင်းနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ဖိုက်ဇာနှင့် မော်ဒါးနား ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်သူများသည် ၎င်းတို့၏ bivalent ကာကွယ်ဆေးများကို တရားဝင် ခွင့်ပြုရန်အတွက် လျှောက်ထားကြောင်း၊ အတည်ပြုချက်ရရှိလျှင် အဆိုပါ ကာကွယ်ဆေးများကို စက်တင်ဘာလလယ် သို့မဟုတ် နောက်ပိုင်းတွင် ဒေသတွင်း အစိုးရများသို့ တင်ပို့ရန် ခန့်မှန်းထားကြောင်း သိရသည်။

အင်နန်အိတ်ချ်ကေ

ကင်ညာလယ်သမားများနှင့် ပီလောပီနံ တန်ဖိုးမြင့်ထုတ်ကုန်

နွယ်နီလင်း

ရောဂါဒဏ်ခံနိုင်ရည်ရှိသော မျိုးဗီဇပြုပြင်ထားသည့် ပီလောပီနံမျိုးများကို ပြသနေစဉ်။

ကင်ညာနိုင်ငံ အနောက်ဘက်ခြမ်း ဘူရာဒေသရှိ တန်ဂါကိုနာကျေးရွာသူ ကက်သရင်း အော့ဘာဂါသည် လတ်လတ်ဆတ်ဆတ် ရိတ်သိမ်းထားသော ပီလောပီနံဥတစ်စည်းကိုကြည့်ရင်း မျှော်လင့်ချက်များဖြင့် ပြုံးနေသည်။ သူက ဓားတစ်ချောင်းကို ကောက်ကိုင်လိုက်ကာ ဖြူဖွေးနေသော ပီလောပီနံ ဥသုံးလုံးကို အားပါပါ ခုတ်ထစ်လိုက်သည်။

"ဒါကို အခြောက်ခံပြီး အမှုန့်ကြိတ်လိုက်ရင် ဂျုံမှုန့်လို အင်မတန်ကောင်းတဲ့ ပီလောပီနံမှုန့်ရလိမ့်မယ်။ ဒါကပဲ ကြီးပွားရေး မျှော်လင့်ချက် မဟုတ်လား" ဟု အော့ဘာဂါက ဆိုသည်။

တန်ဂါကိုနာကျေးရွာ စီးပွားရေးအဖွဲ့သည် မိုးခေါင်မှုဒဏ်ခံနိုင်သော ပီလောပီနံဥများကို စိုက်ပျိုးပြီး ထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်ရောင်းချမှုမှ တစ်ဆင့် ဝင်ငွေရရှိနေသည်။ စီးပွားရေးအဖွဲ့တွင် အဖွဲ့ဝင် ၅၀ ခန့်အထိပါဝင်ပြီး နယ်စပ်ဒေသအနှံ့ ဖြန့်ကြက်ထားသည်။

တန်ဖိုးမြင့်ထုတ်ကုန် ပြုလုပ်ရောင်းချ

စီးပွားရေးအဖွဲ့ဝင်များသည် ပီလောပီနံကို တစ်ဦးချင်းစိုက်ပျိုးထုတ်လုပ်ကြသော်လည်း အဖွဲ့လိုက် ရောင်းချသည့် အဖွဲ့အစည်း ဖြစ်သည်။ အော့ဘာဂါက အဆိုပါအဖွဲ့မှ စီမံကိန်းတာဝန်ခံဖြစ်ပြီး ပီလောပီနံ လေးဇက (၁ ဒသမ ၆ ဟက်တာ) ခန့် စိုက်ပျိုးထားသည်။ စိုက်ပျိုးပြီး ၁၀ လခန့်အကြာတွင် သီးနှံများကို ရိတ်သိမ်းပြီးနောက် အခြောက်ခံကာ တန်ဖိုးမြင့်ထုတ်ကုန် ပြုလုပ်ရောင်းချကြရသည်။

တန်ဖိုးမြင့်ထုတ်ကုန်နည်းပညာကို မစတင်မီ အစပိုင်းက လယ်သမားများသည် ပီလောပီနံဥကို အစိမ်း သို့မဟုတ် ပြုတ်၍ ရောင်းချကြသည်။

"အခုတော့ ပီလောပီနံကို ရေဆေး၊ အခွံခွာပြီး အတုံးသေးသေးလေးတွေ လှီးတယ်။ နောက်ထပ် သုံးရက်ကနေ ငါးရက်လောက်အထိ အခြောက်လှန်းလိုက်ပြီးတော့ တစ်ခါကြိတ်ရင် အမှုန့် ၁၀ တန်လောက်ရတဲ့အထိ စက်နဲ့ကြိတ်ပါတယ်" ဟု ၎င်းက ရှင်းပြသည်။

ဝယ်လိုအား တက်လာ

ယင်းနောက် ထွက်ရှိလာသည့် ပီလောပီနံအမှုန့်များကို တစ်ကီလိုလျှင် ၁၀ သျှီလင် (အမေရိကန် ဒေါ်လာ ၈ ဆင့်ခန့်) နှုန်းဖြင့် ရောင်းချရကြောင်း၊ နိုင်ငံအတွင်း လက်ရှိပြောင်းပြတ်လပ်မှုကြောင့် ဝယ်လိုအားတက်လာသည့် အတွက် ပီလောပီနံအမှုန့် ဈေးပိုရလာကြောင်း ၎င်းက ဆိုသည်။

ကြိတ်ပြီးသွားသည့် ပီလောပီနံမှုန့်အချို့ကို ကွတ်ကီး၊ မုန့်ကြွပ်နှင့် ချာပါတီများ ပြုလုပ်ရာတွင် အသုံးပြုပြီး အများစုကို မြို့တော်နိုင်ရိုဘီမှ ထုတ်လုပ်သူ တစ်ဦးထံ ရောင်းချရသည်။ အထူးသဖြင့် ပီလောပီနံမှုန့်ကို ဆန်နှင့် ပြောင်းမှုန့်များအား အစားထိုးအသုံးပြုခြင်းဖြစ်သည်။

ယခုဆိုလျှင် လယ်သမားအဖွဲ့ထံမှ ထွက်ရှိလာသည့် ပီလောပီနံအမှုန့် တစ်ကီလိုလျှင် ၀ ဒသမ ၅၆ ဒေါ်လာစျေး အထိပင် ရောင်းချနေရသဖြင့် တန်ဖိုးမြင့် ထုတ်ကုန်များမှတစ်ဆင့် ဝင်ငွေပိုမိုရရှိ စေလျက်ရှိသည်။

အုပ်စုအတွင်းရှိ တောင်သူအများစုသည် ပြောင်းနှင့် ပီလောပီနံကို စိုက်ပျိုးလေ့ရှိသော်လည်း မိုးခေါင်ရေရှားသည့် ရာသီဥတုဒဏ်ကို အနဲတုနေရမှုနှင့် တန်ဖိုးမြင့်ကုန်ထုတ် စီမံကိန်းမှ စျေးကွက်ရရှိမှုတို့ကြောင့် ပြောင်းသီးနှံကဲ့သို့ပင် ရာသီဥတုဒဏ်ခံသည့် ပီလောပီနံသီးနှံကို အများအပြား စိုက်ပျိုးလာကြသည်။

"ပီလောပီနံ တစ်ဇကကို ပျမ်းမျှ ရှစ်တန်ထွက်တဲ့အတွက် တစ်ကီလိုကို ၀ ဒသမ ၀၈ ဒေါ်လာနှုန်းနဲ့ ရောင်းရမယ် ဆိုရင်တောင် ဒေါ်လာ ၆၄၀ အထိရနိုင်ပါတယ်။ လယ်သမားတွေ ဝင်ငွေပိုရလာတာနဲ့ အမျှ ဘဝက ပိုကောင်းလာတယ်" ဟု အော့ဘာဂါက ဆိုသည်။

ကင်ညာကမ်းရိုးတန်းဒေသ၌ တည်ရှိသည့် မွန်ဘာဆားမြို့ မြောက်ဘက်ပိုင်းမှ ဖဝါနီ အူဖာနီစီ တောင်သူလယ်သမား သမဝါယမအသင်းသည်လည်း ပီလောပီနံတန်ဖိုးမြင့်ထုတ်ကုန်များ၏ အကျိုးကျေးဇူးများကို ခံစားနေရသည်။ ၎င်းတို့၏ ပီလောပီနံတန်ဖိုးမြင့်ထုတ်ကုန်လုပ်ငန်းကို လယ်သမား ၁၀၀၀ ခန့်နှင့် အတူလက်တွဲလုပ်ဆောင်နေကြောင်း၊ လယ်သမားအုပ်စုသည် ပီလောပီနံမှုန့်စစ်စစ် တစ်ကီလိုလျှင် ၀ ဒသမ ၆၇ ဒေါ်လာနှင့် ပြောင်းနှင့် ရောစပ်ထားသော ပီလောပီနံမှုန့် တစ်ကီလိုလျှင် တစ်ဒေါ်လာနှုန်းဖြင့် ရောင်းချရကြောင်း အသင်းအတွင်းရေးမှူး ကော်လီ မွမ်ဘောက ဆိုသည်။

ကင်ညာ လယ်သမားများသည် ပီလောပီနံထုတ်လုပ်မှုကို အလေးအနက်ထားဆောင်ရွက်နေချိန်တွင် အကြီးမားဆုံး စိန်ခေါ်မှုများထဲမှတစ်ခုမှာ ရောဂါများထူပြောခြင်းပင်ဖြစ်သည်။

မျှော်လင့်ချက် ရောင်ခြည်

သို့သော် ကင်ညာနိုင်ငံမှ သိပ္ပံပညာရှင်များသည် ရောဂါနှစ်မျိုးဒဏ်ကို ခံနိုင်ရည်ရှိသော မျိုးဗီဇပြုပြင်ထားသည့် (ဂျီအမ်) ပီလောပီနံမျိုးကို ထုတ်လုပ်ပေးလျက်ရှိသောကြောင့် လယ်သမားများအတွက် မျှော်လင့်ချက် ရောင်ခြည်သန်းလာပြီဖြစ်သည်။ ဂျီအမ် ပီလောပီနံမျိုးသည် တောင်သူများအတွက် အထွက်နှုန်းမြင့်ပြီးစျေးကောင်းပိုရလာစေမည်ဟု မျှော်လင့်ထားကြသည်။

စိုက်ပျိုးရေးဝန်ကြီးဌာန၏ အဆိုအရ ကင်ညာနိုင်ငံ၏ ပီလောပီနံထုတ်ကုန်များကို အနောက်ဘက်ပိုင်းဒေသမှ ၆၀ ရာခိုင်နှုန်း၊ အရှေ့ဘက်ပိုင်းဒေသမှ ၁၀ ရာခိုင်နှုန်းခန့်နှင့် ကမ်းရိုးတန်းဒေသမှ ၃၀ ရာခိုင်နှုန်းခန့် ထွက်ရှိနေကြောင်း သိရသည်။ လက်ရှိတွင် ပီလောပီနံ တန်ချိန် တစ်သန်းကျော် ထွက်ရှိနေပြီး အများစုမှာ ပြည်တွင်းစားသုံးမှုအတွက် ဖြစ်ကာ နှစ်စဉ် တန်ချိန် သုံးသန်းကျော် တိုးတက်ထုတ်လုပ်နိုင်မည့် အလားအလာကောင်းများလည်း ရှိနေပြီဖြစ်ကြောင်း သိရသည်။

> ❍ ကင်ညာနိုင်ငံမှ သိပ္ပံပညာရှင်များသည် ရောဂါနှစ်မျိုးဒဏ်ကို ခံနိုင်ရည်ရှိသော မျိုးဗီဇပြုပြင်ထားသည့် (ဂျီအမ်) ပီလောပီနံမျိုးကို ထုတ်လုပ်ပေးလျက်ရှိသော ကြောင့် လယ်သမားများအတွက် မျှော်လင့်ချက် ရောင်ခြည်သန်းလာပြီဖြစ်
>
> ❍ ကင်ညာနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ပြောင်းနှင့်ဆန် ထွက်ရှိမှု ကျဆင်းနေချိန်၌ ပီလောပီနံထုတ်လုပ်မှုကို တိုးမြှင့်ကာ စားနပ်ရိက္ခာ ဖူလုံမှုမြှင့်တင်ရေး နည်းလမ်းတစ်ခုအဖြစ် ဆောင်ရွက်

အရေးကြီးသော အစာအရင်းအမြစ်

ကင်ညာနိုင်ငံသည် ၂၀၁၉ ခုနှစ်တွင် စက်မှုလုပ်ငန်းသုံးသီးနှံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်မှုကို လမ်းညွှန်နိုင်ရန်အတွက် အမြစ်များနှင့် ဥစားသီးနှံထုတ်လုပ်မှုဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို ချမှတ်ခဲ့သည်။ အထူးသဖြင့် ရာသီဥတုဖောက်ပြန်မှု၏ သက်ရောက်မှုကြောင့် လူသားနှင့် တိရစ္ဆာန်များအတွက် အရေးကြီးသော အစာအရင်းအမြစ်အဖြစ် ဥစားသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးရေးရည်မှန်းချက်ဖြင့် မဟာဗျူဟာချမှတ်ခဲ့ခြင်းဖြစ်သည်။ ကင်ညာနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ပြောင်းနှင့် ဆန် ထွက်ရှိမှု ကျဆင်းနေချိန်၌ ပီလောပီနံထုတ်လုပ်မှုကို တိုးမြှင့်ကာ စားနပ်ရိက္ခာ ဖူလုံမှုမြှင့်တင်ရေး နည်းလမ်းတစ်ခုအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲရေး အရာရှိချုပ် အန်နီယာဂါက ပြောကြားသည်။

စိုက်ပျိုးရေးကဏ္ဍသည် ကင်ညာနိုင်ငံ၏ စီးပွားရေးအခြေခံအုတ်မြစ်ဖြစ်ပြီး ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၃၃ ရာခိုင်နှုန်းခန့်အထိ ကိုယ်စားပြု ပံ့ပိုးပေးလျက်ရှိသည်။

ကိုးကား – ဆင်ဟွာ

တန်ဂါကိုနာဒေသထွက် ပီလောပီနံတန်ဖိုးမြင့်ထုတ်ကုန်များ။

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၄ ဦးအနက် ၇၉ ဦးမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်

ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၉၄ ရာခိုင်နှုန်းရှိ

(၂-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၅၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၉၄) ရာခိုင်နှုန်းရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၄) ဦးအနက် (၅) ဦး၊ (၅.၉၅) ရာခိုင်နှုန်းမှာ ပြည်ပမှ၀င်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၇၉) ဦး၊ (၉၄.၀၅) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ
(၂-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု	လူနာသစ် (ဦးရေ)	ရာခိုင်နှုန်း
ပြည်ပမှ၀င်ရောက်လာသူများ	(၅) ဦး	(၅.၉၅) %
ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ	(၇၉) ဦး	(၉၄.၀၅) %
စုစုပေါင်း	**(၈၄) ဦး**	**(၁၀၀) %**

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၆၂,၈၄၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၅,၃၉၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၆၉၀) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၉) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှု များပြားလျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးများကို ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းအစုလိုက် ကူးစက်မှုများဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် -

(က) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာ ရှိနေခြင်း၊ အများပြည်သူအသုံးပြုသောယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက်သွားလာအသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ စျေးများ၊ စျေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာအစရှိသော လူစုလူဝေးရှိရာ နေရာများတွင် မဖြစ်မနေ တပ်ဆင်ရန်၊

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်းစသည့် ကိုဗစ်-၁၉ ရောဂါ သံသယ လက္ခဏာတစ်ခုခုရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ရန်လိုအပ်ပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန်၊

(ဃ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့် အထက်ရှိသူအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလခြောက်လရှိနေသော ပြည်သူများ သည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန်လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြ ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လူမျိုးဘာသာမရွေး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

နေပြည်တော် စက်တင်ဘာ ၂

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိပြည်သူများ၊ အသက်ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံ

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၇၂,၇၁ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၄၂ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၃၂,၈၃ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒေသခံပြည်သူ ၉၆ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၆၅၁ ဦး၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၄၁၈ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၁၉၀၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လမ်းမတော်မြို့နယ်၌ ကိုဗစ်-၁၉ မျိုးကွဲသစ် အိုမီခရွန်ရောဂါ ကူးဆီးကာကွယ်ရေး နှာခေါင်းစည်းများဖြန့်ဝေ

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ ကိုဗစ်-၁၉ မျိုးကွဲသစ် အိုမီခရွန်ကာကွယ်၊တာဆီး၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း စောင့်ကြပ်ထိန်းချုပ်နိုင်ရေးနှင့် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ၊ နေအိမ်ပြင်ပသို့ ထွက်ခွာသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်သည့် အလေ့အကျင့်ကောင်းများ ဆက်လက်လိုက်နာ ကျင့်သုံးဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ ပူပေါင်းအဖွဲ့ကဦးဆောင်၍ ခရီးသွား ဒေသခံပြည်သူများအား ပါးစပ်နှင့်နှာခေါင်းစည်းများတပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်ပြီး နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးသည်။

ထိုသို့ဖြန့်ဝေပေးရာတွင် လမ်းမတော်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ဌာနဆိုင်ရာ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးပရဟိတအဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ လူစည်ကားရာနေရာများဖြစ်သည့် မော်တင်သမ္မန်ဆိပ်၊ မော်တင်ယာယီစျေး၊ စျေးရောင်း၊ စျေးဝယ်သူပြည်သူများ၊ လမ်းသွားလမ်းလာပြည်သူများအား ပါးစပ်နှင့်နှာခေါင်းစည်းများကို ခရီးသွားပြည်သူများ လက်ဝယ်အရောက်အခမဲ့ဖြန့်ဝေပေးသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးနည်းလမ်းများကိုလည်း အသိပညာပေးပြောကြားကြောင်း သိရသည်။

ကျော်ဆန်းမြင့်

ရိုးမရိပ်သာ၌ လူဦးရေ ၃၀၀ ထားရှိနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန် အောက်ဆီဂျင်စက်၊ အောက်ဆီဂျင်အိုးများ အပါအဝင် ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းထား

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် သြဂုတ် ၃၁ ရက်က ဒဂုံဆိပ်ကမ်းမြို့နယ် ရိုးမရိပ်သာ ကိုဗစ်-၁၉ ကုသရေးစင်တာသို့သွားရောက်၍ ပြန်လည်ပြင်ဆင်ထားရှိနိုင်ရေး တာဝန်ရှိသူများနှင့် တွေ့ဆုံမှာကြားသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရိုးမရိပ်သာ ကိုဗစ်-၁၉ ကုသရေးစင်တာသို့ရောက်ရှိရာ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမင်းနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိမှု၊ ကာကွယ်ဆေးထိုးနှံပြီးစီးမှု၊ ဆက်လက်ထိုးနှံနေမှုများ၊ ပြည်ပနိုင်ငံများမှ Relief Flight နှင့် ပင်လယ်ရေကြောင်းများဖြင့် ဝင်ရောက်လာသူများကို စင်တာ၌ သတ်မှတ်ရက်အတိုင်း Quarantine ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ လက်ရှိရောဂါပိုးတွေ့ရှိမှုများပြားလာခြင်းကြောင့် လူနာများထားရှိမည့် အခန်းများ၌ အိပ်ရာ၊ ခြင်ထောင်၊ ခုတင်နှင့် တစ်ကိုယ်ရေသုံး ပစ္စည်းများကို ပြန်လည် ပြင်ဆင်ထားရှိမှု၊ အောက်ဆီဂျင် Tank နှင့် လီတာ ၄၀ ဆလင်ဒါအိုးများထားရှိမှု၊ ဆေးစတိုး အပါအဝင် စင်တာအားထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုရက်ပိုင်းအတွင်း ပိုးတွေ့လူနာတွေ့ရှိမှုများပြားလာ၍ ရိုးမရိပ်သာ၌ လူဦးရေ ၃၀၀ ထားရှိနိုင်ရေး ကြိုတင် ပြင်ဆင်ထားရှိရန် အောက်ဆီဂျင်စက်၊ အောက်ဆီဂျင်အိုးများအပါအဝင် ပစ္စည်းများကိုစနစ်တကျထိန်းသိမ်းထားရှိပြီး အဆောက်အအုံများ၊ အခန်းများနှင့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ထားရှိရန်၊ လျှပ်စစ်မီးပုံမှန်ရရှိရေးနှင့် မီးစက်အရန်ထားရှိရေး စီစဉ်ဆောင်ရွက်သွားရန်၊ လုံခြုံရေးကိစ္စရပ်များကို (နေ့-၃) အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများကို သက်ဆိုင်ရာဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများကပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရိုးမရိပ်သာ ကိုဗစ်-၁၉ စင်တာအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

ရာသီချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရန် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းဆင်း

အင်္ဂပူ စက်တင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မကျီးကုန်းကျေးရွာ မင်္ဂလာဧရယုံဘုန်းကြီးကျောင်း၌ စက်မှုလယ်ယာဦးစီးဌာန စက်မှုလယ်ယာစခန်း (ဆွယ်) အင်္ဂပူမြို့က လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီး အင်္ဂပူမြို့နယ် စက်မှုလယ်ယာဦးစီးဌာန စက်မှုလယ်ယာစခန်း (ဆွယ်) မှ မြို့နယ်ဦးစီးဌာနမှူး ဦးအောင်ကိုကိုတင်က သင်တန်းတက်ရောက်ခြင်းကြောင့် ရရှိသည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များနှင့် ထူးချွန်သင်တန်းသားများအား ဂုဏ်ပြုဆုများ ပေအပ်သည်။ **(အောက်ပို့)**

အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ သင်တန်းသား ၃၀ တက်ရောက်၍ သင်တန်းကာလ ၁၂ ရက်တွင် စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ခြင်းဖြင့် လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာကိုင်တွယ်နိုင်ခြင်း၊ စက်ကိရိယာများဖြင့် ရာသီချိန်မီ ထွန်ယက်စိုက်ပျိုး၊ ရိတ်သိမ်းနိုင်ခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုအနေဖြင့် တစ်ဖက်တစ်လမ်းမှဝင်ငွေရရှိစေမည်ဖြစ်ကြောင်း အင်္ဂပူမြို့နယ် စက်မှုလယ်ယာစခန်း (ဆွယ်) မှ မြို့နယ်ဦးစီးဌာနမှူး ဦးအောင်ကိုကိုတင်ထံမှ သိရသည်။

မန်းကျော်(ပြန်/ဆက်)

ဆီးဂိမ်းဘိလိယက်တစ်ဦးချင်းချန်ပီယံ ပေါက်စ ယခုနှစ်အတွင်းပြုလုပ်မည့် နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၂

(၃၁) ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွင် ဘိလိယက်တစ်ဦးချင်း ရွှေတံဆိပ်ရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် ဘိလိယက်ကစားသမား ပေါက်စသည် ယခုနှစ်အတွင်းပြုလုပ်မည့် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပေါက်စသည် ယခုနှစ် မေလကကျင်းပသည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူနိုင်ခဲ့ပြီး လက်ရှိတွင် လာမည့်ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ ပေါက်စသည် လက်ရှိလေ့ကျင့်ရာတွင်လည်း ရမှတ်များ ကောင်းမွန်နေပြီး တစ်ကြိမ်တည်းရမှတ် ၁၀၀၀ ကျော် ထိုးနိုင်သည့် အကြိမ်များလည်းရှိကြောင်း သိရသည်။ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် ပေါက်စကို ယခုနှစ်အတွင်းပြုလုပ်မည့် ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲနှစ်ခုနှင့် စင်ကာပူအိုးပင်း ဘိလိယက်ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်က အတည်ပြုခဲ့သည်။

ပေါက်စသည် အောက်တိုဘာလဆန်းတွင် မလေးရှားနိုင်ငံ၌ကျင်းပမည့် IBSF ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲနှင့် နိုဝင်ဘာတွင် စင်ကာပူနိုင်ငံ၌ကျင်းပမည့် WPBSA ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ နိုင်ငံတကာ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် (IBSF) က ပြုလုပ်သည့် ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲမှာ မြန်မာကစားသမားများ ပုံမှန်ယှဉ်ပြိုင်နေသည့်ပြိုင်ပွဲဖြစ်ပြီး ကမ္ဘာ့ပရော်ဖက်ရှင်နယ် ဘိလိယက်နှင့် စနူကာအဖွဲ့အစည်း (WPBSA) ပြုလုပ်သည့် ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲမှာမူ မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ပေါက်စသည် WPBSA ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲမတိုင်မီ စင်ကာပူနိုင်ငံ၌ကျင်းပမည့် စင်ကာပူအိုးပင်းပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ပေါက်စသည် ပြီးခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲတွင် အထူးလက်စွမ်းပြခဲ့ပြီး ဆီးဂိမ်းဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူနိုင်သည့် ပထမဆုံး မြန်မာကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ရဲရင့်လွင်

MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ် (၁၀) စက်တင်ဘာ ၃ ရက်မှ ၈ ရက်အထိ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ပထမဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၁၀) ကို စက်တင်ဘာ ၃ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပွဲစဉ် (၁၀) အဖြစ် စက်တင်ဘာ ၃ ရက်တွင် ရှမ်းယူနိုက်တက်နှင့် မြဝတီ၊ စက်တင်ဘာ ၄ ရက်တွင် ရခိုင်ယူနိုက်တက်နှင့် ရတနာပုံ၊ စက်တင်ဘာ ၅ ရက်တွင် မဟာယူနိုက်တက်နှင့် ရန်ကုန်၊ စက်တင်ဘာ ၇ ရက်တွင် GFA နှင့် ဟံသာဝတီ၊ စက်တင်ဘာ ၈ ရက်တွင် အားကာသိပ္ပံနှင့် ဧရာဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဒုတိယအကျော့တွင် ကိုးပွဲသာ ယှဉ်ပြိုင်ကစားရမည်ဖြစ်သောကြောင့် အသင်းတိုင်းအနေဖြင့် မျှော်လင့်ချက်ကိုယ်စီအတွက် အမှားမခံတော့ဘဲ ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ချန်ပီယံ မျှော်လင့်ချက်ရှိသည့်အသင်းများ၊ တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ရန် ကြိုးပမ်းရမည့်အသင်းများမှာ ပိုမိုအားထုတ်ရဖွယ်ရှိနေသည်။

ဒုတိယအကျော့ ပထမဆုံးရက်သတ္တပတ်မှာပင် ဧယားထိပ်ဆုံးမှ ရှမ်းယူနိုက်တက်နှင့် တတိယနေရာမှ မြဝတီအသင်း ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။ မြဝတီအသင်းသည် ယခုရာသီမှ တန်းပြန်တက်လာသော်လည်း ရလဒ်ကောင်းများဆက်တိုက်ရရှိကာ ပထမအကျော့အပြီးတွင် တတိယနေရာတွင် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။ ပထမအကျော့တွေ့ဆုံမှုတွင်လည်း ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာ ယခုပွဲတွင် နိုင်ပွဲထပ်မံရယူနိုင်ရန် အားကုန်ထုတ်ရဖွယ်ရှိနေသည်။

ပထမအကျော့အပြီးတွင် ရမှတ်လုံးဝ မရှိဘဲ ဧယားအောက်ဆုံးရောက်နေသည့် ရခိုင်ယူနိုက်တက်အသင်းသည် ရာသီဝက်အပြောင်းအရွှေ့ကာလတွင် ပြင်ဆင်မှုများ ပြုလုပ်ထားပြီး ပထမဆုံးပွဲတွင် ရလဒ်ကောင်း ရယူနိုင်ရန် ကြိုးစားဖွယ်ရှိသော်လည်း ပထမအကျော့ပြီးခါနီးတွင် နိုင်ပွဲဆက်နေသည့် ရတနာပုံနှင့် တွေ့ဆုံနေသဖြင့် ရုန်းကန်ရဖွယ်ရှိနေသည်။ အားကာသိပ္ပံနှင့် ဧရာဝတီအသင်း ထိပ်တိုက်တွေ့ဆုံမှုမှာလည်း စိတ်ဝင်စားဖွယ်ကောင်းနေသည်။

ရဲရင့်လွင်

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆို သာယာဝတီမြို့၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

သာယာဝတီ စက်တင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့၌ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန်နှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများကင်းဝေးစေရန် ယမန်နေ့က တိုက်ကျောင်းပရိယတ္တိစာသင်တိုက်ကျောင်းဝင်းအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သော စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးကို သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှ ယာယီဒုတိယရဲမှူးကြီး ဉာဏာ ဦးဆောင်ပြီး မြို့နယ်ရဲမှူးခင်စိုးလွင်နှင့် တပ်ဖွဲ့ဝင် ၃၀ တို့က တိုက်ကျောင်းပရိယတ္တိ စာသင်တိုက်ကျောင်းဝင်းအတွင်းအပြင် သန့်ရှင်းသာယာလှပစေရေးအတွက် အမှိုက်များ ရှင်းလင်းခြင်း၊ တံမြက်စည်းလှည်းခြင်း၊ သန့်ရှင်းရေးများဆောင်ရွက်ခြင်း၊ ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်ရှင်းလင်းခြင်းများ ဆောင်ရွက်သည်။

ခရိုင်(ပြန်/ဆက်)

လှိုင်မြို့နယ်၌ ဧရာဝတီဘဏ်ခွဲ (၂၆) အား ဝင်ရောက်လုယက်ခဲ့သူ အမျိုးသားတစ်ဦးကို ဒုစရိုက်မှုမလိုလားသည့် တာဝန်သိပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ဧရာဝတီဘဏ်ခွဲ (၂၆) အား ဝင်ရောက်လုယက်ခဲ့သူ အမျိုးသားတစ်ဦးကို ဒုစရိုက်မှုမလိုလားသည့် တာဝန်သိပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၌ ဧရာဝတီဘဏ်ခွဲ (၂၆) အား လုယက်မှုကျူးလွန်ခဲ့သူ တရားခံ စိုးသီဟ (၂၉) နှစ် (ဘ) ဦးခင်ဇော်ဦးအား ဖမ်းဆီးရမိမှု။

လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် သက်သေခံပစ္စည်းများ။

ဘဏ်ဝန်ထမ်းကို ဓားထောက် ခြိမ်းခြောက်

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ် (၁၀) ရပ်ကွက်၊ ပြည်လမ်းရှိ ဧရာဝတီဘဏ်ခွဲ (၂၆) ၌ လုယက်မှု ဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဘဏ်အတွင်းသို့ အသက်(၃၀)နှစ်ခန့်ရှိ MASK တပ်ဆင်ထားသည့် အမျိုးသားတစ်ဦး (စိစစ်ဆဲ) ဝင်ရောက်လာပြီး အသင့်ယူဆောင်လာသောဓားဖြင့် ဘဏ်ဝန်ထမ်းဖြစ်သူ မဆွေဆွေဝင်းကို ဓားထောက်ခြိမ်းခြောက်ကာ ကောင်တာပေါ်ရှိ ငွေများအား ၎င်းယူဆောင်လာသည့် ကျောပိုးအိတ်အတွင်း ထည့်ခိုင်းခဲ့ကြောင်း။

တာဝန်သိပြည်သူများ ပူးပေါင်းဆောင်ရွက်

ထိုသို့ ခြိမ်းခြောက်လုယက်နေစဉ် ဘဏ်အတွင်းရှိ ဝန်ထမ်းများနှင့် တာဝန်သိပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ လုယက်မှုကျူးလွန်သူသည် ကျောပိုးအိတ်ထား၍ ဘဏ်အတွင်းမှ ထွက်ပြေးသွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တာဝန်သိပြည်သူများ၏ ပူးပေါင်း ဆောင်ရွက်မှုဖြင့် လုယက်မှုကျူးလွန်ခဲ့သူကို ဖမ်းဆီးရမိနိုင်ရေး ၎င်းထွက်ပြေးလွတ်မြောက်နိုင်သည့် လမ်းကြောင်းများအား အချိန်နှင့်တစ်ပြေးညီ ပိတ်ဆို့စစ်ဆေးရှာဖွေခဲ့ရာ ဘဏ်အတွင်း ဝင်ရောက်၍ လုယက်မှုကျူးလွန်ခဲ့သူ လှိုင်မြို့နယ် အမှတ် (၁၃) ရပ်ကွက် သီရိမြိုင် ၈ လမ်း၊ တိုက် (၅၉၅) နေ စိုးသီဟ (၂၉) နှစ် (ဘ) ဦးခင်ဇော်ဦးကို အဆိုပါရပ်ကွက်၊ မြကန်သာ(၂) လမ်း၊ အမှတ် ၆၇၈ အနီးတွင် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ဖမ်းဆီးရမိခဲ့သည်။

အမှုဖွင့်လှစ် အရေးယူနိုင်ရေး

ဖြစ်စဉ်တွင် ဒုစရိုက်မှုကို မလိုလားသူ တာဝန်သိပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပူးပေါင်းပိတ်ဆို့ဖမ်းဆီးရမိခဲ့သည့် လုယက်မှုကျူးလွန်ခဲ့သူ တရားခံ စိုးသီဟကို သက်ဆိုင်ရာနယ်မြေရဲစခန်း၌ အမှုဖွင့်လှစ်ကာ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■ ကျော်ဖုံးမှ

ပူးပေါင်း၍ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သောကြောင့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းအမြောက်အမြား ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများအား တရားမဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားများ၌ နှစ်စဉ်မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်လျက်ရှိသည်။

ခြိမ်းခြောက်ငွေကြေးတောင်းခံမှုများ ဖြစ်ပေါ်လျက်ရှိ

ထိုသို့ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ အကျင့်ပျက်ဝန်ထမ်းအချို့နှင့် မသမာသူများက မူးယစ်ဆေးဝါးသုံးစွဲ၊ ရောင်းဝယ်သူများကို မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များအယောင်ဆောင်၍ ဥပဒေနှင့်အညီ အရေးယူခြင်းမရှိဘဲ ခြိမ်းခြောက်ငွေကြေးတောင်းခံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသွင်ယူ စုံစမ်းထောက်လှမ်းစောင့်ဆိုင်းဖမ်းဆီးခဲ့ရာ ဩဂုတ်၂၈ ရက်ည ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ရေတာရှည်လမ်းဟောင်း၌ ငွေကြေးခြိမ်းခြောက်တောင်းခံသူများဖြစ်သည့် ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ရေတာရှည်လမ်းသစ်နေသူများဖြစ်ကြသည့် တင်ဝင်းအောင် (ခ) တင်ကြီး ၂၈ နှစ်နှင့် မင်းအောင် (ခ) အောင်ထက်မြတ် ၂၈ နှစ်တို့နှစ်ဦးကို လည်းကောင်း။

ည ၈ နာရီတွင် ရန်ကင်းမြို့နယ် “Real Link” Hotel ၌ ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ရေတာရှည်လမ်းသစ်နေ နိုင်လင်းအောင် (ခ) ဝဏ္ဏ ၂၅ နှစ်၊ ရန်ကင်းမြို့နယ် အမှတ် (၁၂) ရပ်ကွက် လူငယ်သစ္စာလမ်းနေသူများဖြစ်သည့် ခိုင်မျိုးဝင်း (ခ) ဘုန်းလူ ၂၇ နှစ်နှင့် ရဲတပ်သားအဆင့်မှ ရဲပြေးအဖြစ် ကြေညာခံထားရသူ ဝေဖြိုးထွန်း(ခ) ဝေဖြိုး ၂၇နှစ်တို့ကို လည်းကောင်း။

ည ၈ နာရီခွဲတွင် ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ရေတာရှည်လမ်းဟောင်း၌ ရေတာရှည်ရပ်ကွက် ကိုယ့်မင်းကိုယ့်ချင်းလမ်းနေ ဥက္ကာမင်း(ခ)လင်းသန့်ဦး ၂၄ နှစ်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူခြောက်ဦး၏ ထွက်ဆိုချက်အရ မူးယစ်ဆေးဝါး သုံးစွဲ၊ ရောင်းချသူများထံမှ ခြိမ်းခြောက်ငွေကြေးတောင်းခံရာတွင် ၎င်းတို့နှင့်အတူ ဗဟန်းမြို့မရဲစခန်းမှ ရဲတပ်သားလေးဦးနှင့် ကမာရွတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်သားနှစ်ဦးတို့ ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြကြောင်း သိရှိရသဖြင့် အဆိုပါ ရဲတပ်ဖွဲ့ဝင်ခြောက်ဦးတို့ကို သက်ဆိုင်ရာ ရဲစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း ဗဟန်းမြို့နယ် ဗိုလ်ချုပ်ရပ်ကွက် “One Stop Mart” အရှေ့တွင် မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသော အမျိုးသားနှစ်ဦး(စိစစ်ဆဲ)ထံမှ ငွေကျပ် ၃၅ သိန်းကိုလည်းကောင်း၊ တာမွေမြို့နယ်ရှိ ဟိုတယ်ပိုင်ရှင်တစ်ဦး (စိစစ်ဆဲ) ထံမှ ငွေကျပ်သိန်း ၆၀ ကိုလည်းကောင်း။

၂၀၂၂ ခုနှစ်၊ ဧပြီလအတွင်း တာမွေမြို့နယ် “The Maze Club” ကားပါကင်၌ မူးယစ်ဆေးဝါးများရောင်းချနေသူဟု ယူဆရသူ နေထက်လင်း (စိစစ်ဆဲ) ထံမှ ငွေကျပ် ၃၅ သိန်းကိုလည်းကောင်း၊ အဆိုပါနေရာ၌ပင် အောင်လေး (စိစစ်ဆဲ) ထံမှ ငွေကျပ်သိန်း ၈၀ ကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် တံတားလေးလမ်းထောင့်ရှိ Club၊ Bar၊ KTV တို့တွင် DJ တီးခတ်သူတစ်ဦး (စိစစ်ဆဲ)ထံမှ ငွေကျပ် ၁၄၉ သိန်းကိုလည်းကောင်း။

ဇူလိုင်လအတွင်း မရမ်းကုန်းမြို့နယ် “ကာဆာ KTV” ဆိုင်ရှေ့၌ ပြည့်စုံ (စိစစ်ဆဲ) ထံမှ ငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း၊ ဗဟန်းမြို့နယ် “Jinkidf” စားသောက်ဆိုင်ကားပါကင်၌ အညာသား(စိစစ်ဆဲ) ထံမှ ငွေကျပ်သိန်း ၄၀ ကိုလည်းကောင်း။

သြဂုတ်လအတွင်း ကမာရွတ်မြို့နယ် “The Next Level KTV Bar” ကားပါကင်၌ သူရိန် (စိစစ်ဆဲ) ထံမှ ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ် “Solo Club” ကားပါကင်၌ မင်းသူ(စိစစ်ဆဲ)ထံမှ ငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ ဗဟန်းမြို့နယ် “Music Buzz KTV” ၌ ဒန်နီယယ်လ် (စိစစ်ဆဲ) ထံမှ ငွေကျပ်လေးသိန်းကိုလည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် “City Mart”အရှေ့၌ “မူလန် Bar”တွင် DJ တီးခတ်သူတစ်ဦး (စိစစ်ဆဲ)ထံမှ ငွေကျပ် ၁၃၀၀၀၀ ကိုလည်းကောင်း၊ ဗဟန်းမြို့နယ် “VIP KTV” ကားပါကင်၌ ဘာမီတွန်(မ) (စိစစ်ဆဲ) ထံမှ ငွေကျပ်ခြောက်သိန်းကိုလည်းကောင်း၊ ဒဂုံမြို့နယ် “PIONEER Club”၌ မိုးမင်းဦး (စိစစ်ဆဲ) ထံမှ ငွေကျပ် ၁၄ သိန်းကိုလည်းကောင်း၊ တာမွေမြို့နယ် “Tristar Hotel”၌ Kelvin (စိစစ်ဆဲ) ထံမှ ငွေကျပ်သိန်း ၂၀၀ တို့ကိုလည်းကောင်း စုစုပေါင်း (၁၄) ကြိမ်တွင် ငွေကျပ် ၇၀၇ သိန်း သုံးသောင်းကို ခြိမ်းခြောက်တောင်းခံခဲ့ကာ ရရှိသည့်ငွေများအား ခွဲဝေသုံးစွဲခဲ့ကြကြောင်း သိရှိရသည်။

ခြိမ်းခြောက်ငွေတောင်းခံမှု စုစုပေါင်း (၁၄) ကြိမ်အား ဥက္ကာမင်း(ခ) လင်းသန့်ဦး၊ ရဲတပ်သားအဆင့်မှ ရဲပြေးကြေညာခြင်းခံထားရသူ ဝေဖြိုးထွန်း(ခ)ဝေဖြိုးနှင့် နိုင်လင်းအောင် (ခ) ဝဏ္ဏတို့သုံးဦးက ဦးဆောင်ကျူးလွန်ခဲ့ကြကာ ခိုင်မျိုးဝင်း(ခ)ဘုန်းလူက ရှစ်ကြိမ်၊ တင်ဝင်းအောင်(ခ) တင်ကြီးက လေးကြိမ်၊ ရဲတပ်သား ၅ ဦးနှင့် မင်းအောင်(ခ)အောင်ထက်မြတ်တို့က နှစ်ကြိမ်နှင့် ရဲတပ်သားတစ်ဦးက တစ်ကြိမ်စီ ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သတင်းပို့တိုင်ကြားနိုင်

ထိုသို့ မူးယစ်ဆေးဝါးသုံးစွဲ၊ ရောင်းချသူများထံမှ ငွေကြေးများကို မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ အယောင်ဆောင်ကာ ဖမ်းဆီး၊ ခြိမ်းခြောက်ငွေတောင်းခံခဲ့သည့် ရဲတပ်ဖွဲ့ဝင်ခြောက်ဦးနှင့် ရဲပြေးတစ်ဦးတို့အား ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေနှင့် နယ်ဘက်ဆိုင်ရာ ရာဇသတ်ကြီးဥပဒေအရလည်းကောင်း၊ ဥက္ကာမင်း(ခ)လင်းသန့်ဦး ပါ ငါးဦးကို ရာဇသတ်ကြီးဥပဒေအရလည်းကောင်း ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ထိုကဲ့သို့ခြိမ်းခြောက်ကာ ငွေကြေးတောင်းခံခြင်းများအား သိရှိ၊ ကြုံတွေ့၊ ကြားသိရပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့စခန်းများနှင့် တာဝန်ရှိသူများထံ လျှို့ဝှက်စွာအသိပေး သတင်းပို့တိုင်ကြားနိုင်ကြောင်း သိရသည်။

သတင်းစဉ်

တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ကိုင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ကိုင်းမြို့နယ် တံကောင်းရပ်ကွက် ရတနာပုံတံတား တရားမဝင်ကုန်သွယ်မှု ပူးပေါင်းတိုက်ဖျက်ရေးဂိတ်၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၁၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Canter အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၁၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ

ထို့အတူ စက်တင်ဘာ ၂ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော အပ်ချုပ်စက်အဟောင်း ၆၅ လုံး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သစ်တောဥပဒေနှင့်အညီ အရေးယူ

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် မြောက်ဇာမရီကြိုးဝိုင်းအတွင်း တရားမဝင်ကျွန်းသစ်၊ သစ်မာနှင့် အခြားသစ်မျိုးစုံ တန် ၁ ဒသမ ၉၂၁၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၁၄၂) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တော ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖမ်းဆီးရမိမှု အမှုတွဲလေးမှု

သို့ဖြစ်ပါ၍ စက်တင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲလေးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၇ဒသ၁၄၂ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ယခုတစ်ပတ်မှာတော့ ပရီမီယာလီဂ်ပွဲစဉ် (၆) ကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာပါ။ အမှတ်ပေးဇယားကို အမှားအယွင်းမရှိဦးဆောင်နေတဲ့ အာဆင်နယ်အသင်းက မန်ယူအသင်းနဲ့ ဆုံတွေ့နေတဲ့ပွဲစဉ်အပါအဝင် ချယ်ဆီးက ဝက်စ်ဟမ်း၊ စပါးက ဖူလ်ဟမ်၊ ဗီလာက မန်စီးတီးအသင်းတို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းပါတယ်။

အာဆင်နယ်ရဲ့ ရာနှုန်းပြည့်နိုင်ပွဲကို အိုးထရက်ဖို့ဒ်မှာ မန်ယူ ဟန့်တားသွားနိုင်မလား

ပရီမီယာလီဂ်ပွဲစဉ် (၆)

၃-၉-၂၀၂၂	စနေနေ့
အဲဗာတန် – လီဗာပူး	ည ၆း၀၀
ဘရန့်ဖို့ဒ် – လီဒ်စ်	ည ၈း၃၀
ချယ်ဆီး – ဝက်စ်ဟမ်း	ည ၈း၃၀
ကာဆယ် – ပဲလေ့စ်	ည ၈း၃၀
နော်တင်ဟမ် – ဘုန်းမောက်	ည ၈း၃၀
စပါး – ဖူလ်ဟမ်	ည ၈း၃၀
ဝုဖ်–ဆောက်သမ်တန်	ည ၈း၃၀
ဗီလာ – မန်စီးတီး	ည ၁၁း၀၀
၄-၉-၂၀၂၂	တနင်္ဂနွေနေ့
ဘရိုက်တန် – လက်စတာ	ည ၇း၃၀
မန်ယူ – အာဆင်နယ်	ည ၁၀း၃၀

မန်ယူ VS အာဆင်နယ်

မန်ယူနဲ့ အာဆင်နယ်တို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု

၂၃-၄-၂၂	ပရီမီယာလီဂ်	**အာဆင်နယ်**	၃-၁	မန်ယူ
၃-၁၂-၂၁	ပရီမီယာလီဂ်	**မန်ယူ**	၃-၂	အာဆင်နယ်

ရာနှုန်းပြည့်နိုင်ပွဲဆက်နေတဲ့ အာဆင်နယ်အသင်းနဲ့ နောက်ဆုံးသုံးပွဲဆက်နိုင်ပွဲရရှိထားတဲ့ မန်ယူအသင်းတို့ တွေ့ဆုံမှုက ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲအဖြစ် ရှိနေပါတယ်။ မန်ယူအသင်းက ခံစစ်ပိုင်းကျစ်လျစ်တယ်လို့ ဆိုနိုင်ပေမယ့် တိုက်စစ်ပိုင်းထက်မြက်ဖို့ လိုအပ်နေတာ တွေ့ရပြီး အာဆင်နယ်အသင်းက မန်ယူအသင်းထက် ခံစစ်ပိုင်း၊ တိုက်စစ်ပိုင်းသာလွန်နေတာ တွေ့ရတယ်။ အိမ်ကွင်းမှာ အာဆင်နယ်ရဲ့ နိုင်ပွဲဆက်မှုကို မန်ယူ ဟန့်တားနိုင်မလား။

ချယ်ဆီး VS ဝက်စ်ဟမ်း

ချယ်ဆီးနဲ့ ဝက်စ်ဟမ်းတို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု

၂၃-၄-၂၂	ပရီမီယာလီဂ်	**ချယ်ဆီး**	၁-၀	ဝက်စ်ဟမ်း
၄-၁၂-၂၁	ပရီမီယာလီဂ်	**ဝက်စ်ဟမ်း**	၃-၂	ချယ်ဆီး

ချယ်ဆီးအသင်းက နောက်ဆုံးသုံးပွဲမှာ လက်စတာကို အနိုင်ရရှိထားပြီး လီဒ်စ်နဲ့ ဆောက်သမ်တန်ကို ရှုံးနိမ့်ထားတယ်။ ပြိုင်ဘက် ဝက်စ်ဟမ်းအသင်းက နောက်ဆုံးသုံးပွဲမှာ ရှုံးပွဲကြုံတွေ့ထားခြင်း မရှိဘဲ နှစ်ပွဲနိုင်ပြီး တစ်ပွဲသရေကျထားတယ်။ ဝက်စ်ဟမ်းအသင်း ခြေစွမ်းတက်လာပြီး ချယ်ဆီးအသင်း ခြေစွမ်းကျလာတာကို သတိပြုရမယ်။ တိုက်စစ်မှာ စတားလင်းကို အဓိက အားပြုနေရတဲ့ ချယ်ဆီးအသင်း အိမ်ကွင်းမှာ ဝက်စ်ဟမ်းကို အနိုင်ယူနိုင်မလား။

ဗီလာ VS မန်စီးတီး

ဗီလာနဲ့ မန်စီးတီးတို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု

၂၂-၅-၂၂	ပရီမီယာလီဂ်	**မန်စီးတီး**	၃-၂	ဗီလာ
၂-၁၂-၂၁	ပရီမီယာလီဂ်	ဗီလာ	၁-၂	**မန်စီးတီး**

နည်းပြ ဂျရတ်ရဲ့ ဗီလာအသင်းက လိဂ်နောက်ဆုံးသုံးပွဲဆက် ရှုံးနိမ့်မှုနဲ့အတူ တန်းဆင်းဇုန်အတွင်း ကျရောက်နေတာကြောင့် ယခုပွဲစဉ်မှာ မဖြစ်မနေနိုင်ပွဲရရှိဖို့ လိုအပ်နေပါတယ်။ ပြိုင်ဘက် မန်စီးတီးအသင်းက တိုက်စစ်ကစားသမား ဟာလန်းခြေစွမ်းပြနိုင်မှုနဲ့အတူ နိုင်ပွဲတွေဆက်နေတာကြောင့် ဗီလာအနေနဲ့ အခက်တွေ့ဖွယ်ရှိပါတယ်။ မည်သို့ပင်ဆိုစေ မန်စီးတီးအသင်းရော ဗီလာအသင်းပါ နိုင်ပွဲရရှိဖို့ ခြေကုန်ထုတ်လာမှာပါ။

စပါး VS ဖူလ်ဟမ်

စပါးနဲ့ ဖူလ်ဟမ်တို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု

၅-၃-၂၁	ပရီမီယာလီဂ်	ဖူလ်ဟမ်	၀-၁	**စပါး**
၁၄-၁-၂၁	ပရီမီယာလီဂ်	စပါး	၁-၁	ဖူလ်ဟမ်

ယခုနှစ်မှာ တိုက်စစ်မှူး ဟယ်ရီကိန်းခြေစွမ်းပြမှုနဲ့အတူ စပါးအသင်းက နောက်ဆုံးငါးပွဲမှာ ရှုံးပွဲကြုံတွေ့ထားခြင်း မရှိဘူး။ ပြိုင်ဘက်ဖူလ်ဟမ်အသင်းက နောက်ဆုံးငါးပွဲမှာ ရှုံးပွဲနှစ်ပွဲကြုံတွေ့ထားတယ်။ စပါးအသင်းက ဖူလ်ဟမ်အသင်းထက် စုဖွဲ့မှုပိုင်းနဲ့ ခြေစွမ်းကျစ်လျစ်မှုပိုင်းမှာ သာလွန်တဲ့အနေအထားမှာရှိသော်ငြား ခံစစ်ပိုင်းတည်ငြိမ်တဲ့ ဖူလ်ဟမ်အသင်းကို အသာရဖို့ မလွယ်ဘူး။

■ နောက်ဆုံးရသတင်းတိုများ

- စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလီဂ် ပွဲစဉ် (၅) မှ လက်စတာနှင့် မန်ယူအသင်းတို့ပွဲစဉ်၌ မန်ယူအသင်းက ဆန်ချို၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။
-
  အပြောင်းအရွှေ့ နောက်ဆုံးရက်တွင် မန်စီးတီးအသင်းသည် ဒေါ့မွန်အသင်းမှ ခံစစ်ကစားသမား အကန်ဂျီကို ခေါ်ယူစာချုပ်နိုင်ခဲ့သည်။
- ချယ်ဆီးအသင်းသည် ဘာစီလိုနာအသင်းမှ တိုက်စစ်ကစားသမား အူဘာမီယန်ကို စာချုပ်ခေါ်ယူနိုင်ခဲ့သည်။
- လီဗာပူးအသင်းသည် ဂျူဗင်တပ်စ်အသင်းမှ ကွင်းလယ်ကစားသမား အာသာမယ်လိုကို အင့ားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့သည်။
- အဲဗာတန်အသင်းသည် ပီအက်စ်ဂျီကွင်းလယ်ကစားသမား ဂွီရီကို နှစ်နှစ်စာချုပ်ဖြင့် ပြန်လည်ခေါ်ယူနိုင်ခဲ့သည်။
- မန်ယူအသင်းသည် နယူးကာဆယ်ဂိုးသမား ဒူဘရာကာကို အင့ားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့သည်။
- ဖူလ်ဟမ်အသင်းသည် ချယ်ဆီးကွင်းလယ်ကစားသမားဟောင်း ဝီလီယံအပါအဝင် ကစားသမား လေးဦးအထိ ခေါ်ယူနိုင်ခဲ့သည်။
- လိဒ်စ်အသင်းသည် ဇူးရစ်တိုက်စစ်ကစားသမား ဂန္ဓန်တိုကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့သည်။

ယူအက်စ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ တတိယအဆင့်သို့ နာမည်ကြီး ဆွီယာတက်ခ် တက်လှမ်း

ယူအက်စ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဒုတိယအဆင့်တွင် နာမည်ကြီး ကမ္ဘာ့နံပါတ်တစ်ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ်သည် အမေရိကန်တင်းနစ်မယ် စတီဖန်ကို ၆-၃၊ ၆-၂ ဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

ထို့ကြောင့် ဆွီယာတက်ခ်သည် အဆိုပါပြိုင်ပွဲ တတိယအဆင့်တွင် အမေရိကန်တင်းနစ်မယ် ဒေးဗီးစ်နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ဆွီယာတက်ခ်သည် ယခင်နှစ်က ယူအက်စ်အိုးပင်းပြိုင်ပွဲတွင် စတုတ္ထအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါအဆင့်တွင် နာမည်ကြီးတင်းနစ်မယ်များဖြစ်သည့် ဘင်းဆစ်၊ ပဲဂူလာ၊ အန်ဒရက်ဂူ၊ ကေဗီတိုဗာ၊ အဇာရင်ကာ၊ ဂါစီယာ၊ ဆီရီနာဝီလျံတို့ အနိုင်ရရှိကာ နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။

စောင့်ကြည့်ချင်စရာကောင်းလာတဲ့ မန်စီးတီးတိုက်စစ်က ဟာလန်းရဲ့အရွှေ့

ပရီမီယာလီဂ်ပွဲစဉ် (၅) အပြီးကြား နေ ရ တာ ကတော့ မန်စီးတီးက နော်တင်ဟမ်ဖော ရက်စ်အ သင်း ကို ခြောက် ဂိုး ပြတ် အနိုင် ရရှိခဲ့တဲ့ ပွဲစဉ်မှာ အသင်းအတွက်ဟက် ထရစ် ရယူနိုင်ခဲ့တဲ့ တိုက်စစ်ကစားသမားသစ် ဟာလန်းရဲ့ ခြေစွမ်းအကြောင်းပဲ ဖြစ်ပါတယ်။ ဟာလန်းအနေနဲ့ အဲဒီပွဲစဉ်မတိုင်မီ ခရစ္စတယ်ပဲလေ့စ်အသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာလည်း ဟက်ထရစ်ရယူထားနိုင်ပါသေးတယ်။

ဟာလန်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်းကို အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်မှာ ရရှိခဲ့တဲ့ ဟက်ထရစ်က ဒုတိယပိုင်းအတွင်းဖြစ်ပြီး နော်တင်ဟမ်အသင်းနဲ့ပွဲစဉ်မှာ ရရှိခဲ့တဲ့ ဟက်ထရစ်က ပထမပိုင်းအတွင်း ဖြစ်ပါတယ်။ ပြောမယ်ဆိုရင် ဟာလန်းဟာ ငါးရက်အတွင်း ဟက်ထရစ်နှစ်ကြိမ်ရယူနိုင်ခဲ့တာဖြစ်ပြီး လက်ရှိအချိန်အထိ ပရီမီယာလီဂ် ဂိုးအများဆုံးသွင်းယူထားသူစာရင်းမှာ ကိုးဂိုးနဲ့ ဦးဆောင်ထားတယ်။ ဒါကြောင့် အသက် ၂၂ နှစ်အရွယ် နော်ဝေတိုက်စစ်ကစားသမား ဟာလန်းအနေနဲ့ ပရီမီယာလီဂ် ငါးပွဲမှာ ကိုးဂိုးသွင်းယူနိုင်တဲ့ ပထမဆုံးကစားသမား ဖြစ်လာခဲ့ပါတယ်။ ဒုံအပြင် ၎င်းအနေနဲ့ သြဂုတ်လမှာ ကိုးဂိုးသွင်းယူနိုင်တဲ့ပထမဆုံးကစားသမား ဖြစ်လာခဲ့သလို ပရီမီယာလီဂ် ပြိုင်ပွဲမှာ နှစ်ကြိမ်ဆက် ဟက်ထရစ်ရယူနိုင်တဲ့ ခုနစ်ဦးမြောက် ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

> **ဟာလန်းဟာ ငါးရက်အတွင်း ဟက်ထရစ်နှစ်ကြိမ်ရယူနိုင်ခဲ့တာဖြစ်ပြီး လက်ရှိအချိန်အထိ ပရီမီယာလီဂ် ဂိုးအများဆုံး သွင်းယူထားသူ စာရင်းမှာ ကိုးဂိုးနဲ့ ဦးဆောင်ထားတယ်။**

ပွဲစဉ် (၅) အပြီးမှာ ပြိုင်ဘက်နော်တင်ဟမ် နည်းပြ စတီဗ်ကူပါး ကိုယ်တိုင် ဟာလန်းရဲ့ ခြေစွမ်းနဲ့ပတ်သက်ပြီး သူက ထက်မြက်ပြီး စွမ်းဆောင်ရည်ကောင်းတွေ အများကြီးရှိတဲ့ ကစားသမားတစ်ဦးဖြစ်တယ်လို့ ချီးကျူးပြောဆိုသွားပါတယ်။ ဒုံအပြင် တိုက်စစ် ကစားသမားဟောင်း တစ်ဦးဖြစ်သူ ဒက်ဘလင်ကလည်း မန်စီးတီးအသင်းက လက်ရှိအချိန်မှာ ကမ္ဘာ့အကောင်းဆုံးတိုက်စစ်ကစားသမားကို ပိုင်ဆိုင်ထားကြောင်းနဲ့ ဟာလန်းသာ ပရီမီယာလီဂ်မှာ ကာလရှည်ဆက်ရှိနေရင် စံချိန်တိုင်းကို ချိုးဖျက်သွားနိုင်ဖွယ်ရှိကြောင်း ပြောပါတယ်။

နည်းပြ ဂွါဒီယိုလာကတော့ ဟာလန်းအနေနဲ့ မန်စီးတီးအသင်းရဲ့ ထာဝရဂိုးသွင်းရှင် အဂူရိုရဲ့ တူညီတဲ့အနေအထားကို လိုက်မီဖို့ တော့ မဖြစ်နိုင်ဘူးလို့ ဆိုပါတယ်။ ဒါပေမယ့် ဟာလန်းမှာ အရည်အချင်းတွေ အများကြီးရှိတယ်။ နော်ဝေ၊ ဩစတြီးယားနဲ့ ဂျာမနီမှာ ရရှိထားတဲ့ သူ့ရဲ့ပုံစံကောင်းတွေကို အခုဒီ (အင်္ဂလန်) မှာ ဆက်လက်ရရှိဖို့ ကြိုးစားနေတယ်လို့ ပြောပါတယ်။

ဟာလန်းက မန်စီးတီးအသင်းကို မပြောင်းရွှေ့မီ ဩစတြီးယားကလပ် ဆောလ်ဘတ်၊ ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်းတို့မှာ ကစားခဲ့ပြီး ဆောလ်ဘတ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၇ ပွဲ ပါဝင်ကစားထားပြီး ၂၉ ဂိုးသွင်းယူပေးထားကာ ဒေါ့မွန်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၈၉ ပွဲ ပါဝင်ကစားထားပြီး ၈၆ ဂိုးအထိ သွင်းယူထားသူ ဖြစ်ပါတယ်။

ဒါကြောင့် ဟာလန်းအနေနဲ့ လာမယ့် အက်စတွန်ဗီလာအသင်းနဲ့ ပွဲစဉ်မှာလည်း ပွဲထွက်ခွင့်ရကာ ထပ်မံဂိုးတွေ သွင်းယူသွားနိုင်ဦးမလား စိတ်ဝင်စားဖွယ်ရာပင်။

■ မိုးဇက် – စုစည်းသည်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၉-၂၀၂၂ စနေနေ့

MRTV HD

- **၀၆:၀၀** မေတ္တာသုတ်၊ရတနာသုတ်၊ဟောရွာဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၉:၁၀** လယ်ယာကဏ္ဍနှင့်ဟောင်သူတို့၏လူမှုဘဝ၊ ဘဝမြှင့်တင်ဖို့ပူးပေါင်းပါဝင်ဆည်ကြောင်း စနစ်တွင်အတူလက်တွဲပါဝင်ဖို့(ပထမပိုင်း)
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** လူငယ်ရေးရာအစီအစဉ်
- **၁၁:၅၀** တိုင်းရင်းသားရိုးရာအစားအစာ ချက်ပြုတ်နည်းများ
- **၁၂:၃၀** မြန်မာဇာတ်လမ်းတွဲ **'အချစ်ရဲ့အိပ်မက်တန်ဖိုး'** (အပိုင်း-၁၄)
- **၁၃:၃၀** MRTV National News
- **၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ် **'ငှက်စားပွဲလေး'**
- **၁၆:၅၀** ရွှေပယ်စုံလင်အာဆီယံအစီအစဉ်
- **၁၇:၁၅** ရွှေလေပြင်လေကမ္ဘာမြေ
- **၁၇:၃၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊သြဂုတ်လ)(တတိယပိုင်း)
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သုတဝေဖြာသီရိဂေဟာ
- **၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဘိုးဘိုးအချစ်ချို'** (အပိုင်း-၄)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ဖိုးလေဝသအခြေအနေ
- **၂၁:၀၀** (၃၀)ကြာပဝ်လာ (ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) **'အပွတင်းခေဝေပွဲသု'**
- **၂၂:၀၀** ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်း

mitv

- 07:02 Evergreen Classic: Suvanna Sama (Hnin Yee Thant)
- 07:10 Weekly Review
- 07:26 The Art of Sand Painting
- 07:36 Ecstasy of Life
- 07:42 Myanmar Designer Studio: Min Min Myat
- 08:01 News
- 08:27 Enchanting Rakhine Land
- 08:46 Diary of a Fisherman
- 09:01 Quiz Time
- 10:01 News
- 10:26 Global Partnership for Brighter Future: Zimbabwe Pavilion at Expo 2020 Dubai

MRTV NRG

- **အရွေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ဓါတ်ကျိုက်ဘုရား
- **ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** သဘာဝမြေသြဇာပြုလုပ်နည်း
- **ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** စွန်တောင်ရှာမှလက်မှုပညာ
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** ဒေသတစ်ဝှမ်းစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၇)
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** မောင်သာလှနှင့် English Skill(ပြုံးပဒေသာ)
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** ပိုးနဲပြုုတရေးမှလက်ရာမပျက်ရှမ်းရိုးရာ ဆွမ်းအုပ်ကလေးများ
- **၀ (၁၅:၀၀ မှ ၁၇:၀၀)** ဗျော်ရှင်စရာ၀ရိုးရာစကောထမင်းပိုင်း
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** ၁ရှချက်စားကြပယ်
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** မြတ်နိုးဖွယ်ရာ၀ါးလက်မှုပညာ
- **၀ကောကရင် (၂၁:၀၀ မှ ၂၂:၀၀)** ဟာလကာသီးစိုက်ပျိုးခြင်း
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** ပင်စိမ်းမျစ်သုပ်

MRTV NEWS

- **၀၆:၀၀** အဖွင့်၊ဗေးသီချင်း
- **၀၆:၃၀** အားကစားသတင်း
- **၀၉:၁၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၃:၁၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၇:၁၀** နိုင်ငံတကာသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၃၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊သြဂုတ်လ)(အပိုင်း-၃)

MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊အာလ်
- **၀၉:၁၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကံစမ်းခဲ'**
- **၁၀:၀၀** ပြည်ထောင်စုလွှတ်တော်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၁၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃)
- **၁၁:၀၀** PR SYSTEM ရှင်းလင်းပွဲ
- **၁၁:၁၀** အတွေးအမြင် (အပိုင်း-၃)

MRTV FARMERS

- **၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နွေတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၇:၀၀** ဆေးဟက်ဝင်ဟင်သီးဟင်းရွက်နှင့်ကျွန်းမာရေး
- **၀၇:၁၀** ပြုံးပန်းဝေဖြာတို့တောရွာ (စိုက်ပျိုးရေး-ဇာတ်လမ်းတို)
- **၀၈:၀၀** အသေးစားလုပ်ငန်းထူထောင်ရေးမှသည် နိုင်ငံစီးပွားပွံ့ပြိုးမှုသီသို့
- **၀၈:၂၀** အပင်ပေါက်နှုန်းကောင်းစေဖို့ မျိုးသန့် ဝါဒစုကိုသာစိုက်ကြစို့
- **၀၉:၂၅** ကုလားပဲခင်းသာစလင်းပြိုမှာ

MRTV SPORTS

- **၀၆:၀၀** အဖွင့်
- **၀၆:၁၀** အခြေခံအားကစားနည်းစနစ်များ
- **၀۷:၀၀** Sports News
- **၀۷:၁၀** Soccer View/Weekly Sports Info Sports Diary/Weekly MNL Review
- **၀۷:၄၅** အားကစားလောကထဲကသူတို့အကြောင်း
- **၀۸:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိ(ဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်ပဲလွှင့် (၇)နာရီ (၆)ကြိမ်နှုန်း (၂၇)နာရီ ထုတ်လွှင့်ပြသပေးသွားကာရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် စက်တင်ဘာ ၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၃-၉-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၄)၊ အမှတ် (၃၆) တွင် မည်သူ့အပေါ်တွင်မဆို မေတ္တာ၊ စေတနာထားတတ်ပါက သူတစ်ပါးအတွက်သာမက မိမိတွင်လည်း ကောင်းကျိုးရလဒ်များရရှိပုံအကြောင်းတင်ဆက်ထားသည့် "နာမည်တူစုံတွဲ" မျက်နှာဖုံးကာတွန်း၊ ဆေးရောင်ခြယ်ပန်းချီကို ရေးဆွဲရခြင်းအကြောင်းကို ၎င်း၏အရေးပါအရာရောက်ပုံအကြောင်း တင်ဆက်ထားသည့် "ဆေးရောင်ခြယ်ပန်းချီဆွဲခြင်းအနုပညာ" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ ပန်းသီးအလုံးအကြီးကို မရလိုက်သော အာနိုးအကြောင်း ရေးဖွဲ့ထားသည့်

" ဖြိုးရဲ - လောဘ" နှစ်မျက်နှာကာတွန်း၊ ကျေးဇူးရှင်အပေါ် ကျေးဇူးမသိတတ်ရုံမက ကျေးဇူးကန်းသော အပြုအမူကို ပြုမူလိုက်သည့် လောဘကြီးသော ငါးဖမ်းသမား အဘိုးအို အကြောင်း တင်ဆက်ထားသည့် " လောဘ ကြီးတဲ့ ငါးဖမ်းသမားအဘိုးအို နဲ့ ခါဟာဌက်ကြီး" ပုံပြင်ကဏ္ဍ၊ တစ်ရာတွင် ငါးပြားစေ့ ဘယ်နှစေ့ရှိသည်ကို မသိသော ကီးကီးအကြောင်း ရေးဖွဲ့ထားသည့် "ကီးကီးနှင့်ဂျိုးဂျိုးလေး" တစ်မျက်နှာကာတွန်း၊ ဘောလုံးကစားနည်းသည် တစ်ဦးတစ်ယောက်ကောင်း ကစား၍မရဘဲ တစ်သင်းလုံးက အားကစားစိတ်ဓာတ်အပြည့်ဖြင့် အချိတ်အဆက်မိမိ ကစားရပုံအကြောင်းနှင့် တစ်ကိုယ်ကောင်းစိတ်ဖြင့် ကစားမိရာက ရှုံးပွဲဖြင့် ရင်ဆိုင်ရသော ကျောင်းသားတစ်ယောက်အကြောင်း တင်ဆက်ထားသည့် "အားကစားနှင့် အားကစားစိတ်ဓာတ်" ဝတ္ထုတိုကဏ္ဍ၊ မြန်မာတို့၏ တော်သလင်းလအချိန်တွင် မြန်မာ့ရိုးရာ လေ့ပြိုင်ပွဲကို စည်းလုံးညီညွတ်စွာဖြင့် ကျင်းပကြပုံအကြောင်းရေးဖွဲ့ထားသည့် " ယင်းမာ ကြိုင်သင်း တော်သလင်း" ကဗျာကဏ္ဍ အပါအဝင် ဥာဏ်စမ်းကဏ္ဍနှင့် အင်္ဂလိပ်စကားဝိုင်းကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

ယနေ့စျေးကွက်ပေါက်စျေးများ

၂-၉-၂၀၂၂

ရွှေ

အကယ်ဒမီမီးလင်းရွှေအဖွင့်စျေး	တစ်ကျပ်သား ကျပ်	၁၉၉၆၀၀၀
အကယ်ဒမီမီးလင်းရွှေအပိတ်စျေး	တစ်ကျပ်သား ကျပ်	၂၀၀၀၀၀၀
ကမ္ဘာ့ရွှေစျေးအဖွင့်စျေး	တစ်အောင်စ အမေရိကန်ဒေါ်လာ	၁၇၀၀
ကမ္ဘာ့ရွှေစျေးအပိတ်စျေး	တစ်အောင်စ အမေရိကန်ဒေါ်လာ	၁၇၀၄

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီစျေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၃၀၀၀ ကျပ်	၃၀၅၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၃၀၈၅ ကျပ်	၃၁၃၅ ကျပ်
အောက်တိန်း ၉၂	၂၂၉၀ ကျပ်	၂၃၄၀ ကျပ်
အောက်တိန်း ၉၅	၂၃၅၅ ကျပ်	၂၄၀၅ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၂၁၀၀ . ၀
ဥရောပ	တစ်ယူရို	ကျပ်	၂၀၉၆ . ၆
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၄၉၇ . ၇
ထိုင်း	တစ်ဘတ်	ကျပ်	၅၇ . ၁၈၂
ဂျပန်	ယန်း ၁၀၀	ကျပ်	၁၄၉၆ . ၆
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၄၆၈ . ၃၃
တရုတ်	တစ်ယွမ်	ကျပ်	၃၀၄ . ၀၂
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၆ . ၃၁၉

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်

ကုမ္ပဏီအမည်	အဖွင့်စျေး (ကျပ်)	အပိတ်စျေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၇၆၀၀	၇၈၀၀	၄၄၄၉	၃၄၃၆၆၅၅၀
MTSH	၂၆၅၀	၃၀၀၀	၁၄၅၂၇	၄၁၅၉၇၉၀၀
MCB	၇၁၀၀	၇၁၀၀	၄၃၀	၃၀၅၃၃၀၀၀
FPB	၁၈၅၀၀	၁၈၅၀၀	၁	၁၈၅၀၀
TMH	၂၃၅၀	၂၄၅၀	၄၇၂	၁၁၂၂၈၅၀
EFR	၂၅၅၀	၂၆၀၀	၃၅	၈၉၃၅၀
AHP	၄၉၀၀	၅၀၀၀	၄၀၀၉	၁၉၆၄၅၀၀၀

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဧော်
အငယ်တန်း သတင်းထောက်များ	-	နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀۶۷-၃۶၁၄၂၂၊ စာတည်းအဖွဲ့ ၀۶۷-၃۶၁၄၄၅၊ ဖက်စ် ၀۶۷-၃۶၁၄၃၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀۶۷-၃۶၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈۶၀၄၅၅۶။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ကွတ်ခိုင်မြို့နယ်၌ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့်ပြိုင်ပွဲ ကျင်းပ

ကွတ်ခိုင် စက်တင်ဘာ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်၌ ခရိုင်အဆင့် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက်က ကွတ်ခိုင်မြို့ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အဆိုပါ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအခမ်းအနားကို နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီး သိန်းအောင်စိုး၊ ကွတ်ခိုင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ခရိုင်လဝကမှူး ဦးစောဝင်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး အ-ထ-က (၁) ကျောင်းသူ ကျောင်းသားများက "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" တေးသီချင်းဖြင့် ဖျော်ဖြေခြင်း၊ ဒေသခံတိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များ ကလည်း သက်ဆိုင်ရာ တိုင်းရင်းသားသီချင်းများဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက အဆို၊ အက၊အတီး ဘာသာရပ်အလိုက် ယှဉ်ပြိုင်သည်။ ထို့နောက် ပြိုင်ပွဲအပြီးတွင် အဆို၊ အက၊ အတီး ဘာသာရပ်များ၌ အဆင့်အလိုက် ဆုရရှိသူများအား ခရိုင်ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြောင်း သိရသည်။ **ချယ်ရီမြေ(ကွတ်ခိုင်)**

တောင်ကုတ်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်လှစ်

တောင်ကုတ် စက်တင်ဘာ ၂

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အခြေခံအပ်ချုပ်စက်သင်တန်းကို စက်တင်ဘာ ၁ ရက်က မြို့နယ်ကျေးလက်ဦးစီးဌာနရုံး ခန်းမ၌ ဖွင့်လှစ်သည်။

ဖွင့်ပွဲတွင် တာဝန်ရှိသူများက အမှာစကားပြောကြားပြီး တောင်ကုတ်မြို့နယ် ကျေးလက်ဦးစီးမှူး ဒေါ်တင်တင်ကြည်က သင်တန်းဖွင့်လှစ်ရခြင်း ရှင်းလင်းပြောကြားပြီး တောင်ကုတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ကျေးရွာများမှ သင်တန်းသူ ၅၀ နီးပါး တက်ရောက်သည်။

တောင်ကုတ်မြို့နယ် ကျေးလက်ဦးစီးဌာနအနေဖြင့် ယခုဖွင့်လှစ်ပေးသော သင်တန်းအပါအဝင် အသက်မွေးဝမ်းကျောင်း သင်တန်းအဖြစ် (၁၅) ကြိမ်မြောက် သင်တန်းဖြစ်ကာ ထိုသင်တန်းတွင် ကျွမ်းကျင်ဆရာမများဖြင့် စက်တင်ဘာ ၁ ရက်မှ ၂၁ ရက် အထိ ၂၁ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်လှဖြူ(ရမ်းမြဲ)**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ပြန်လည်နေရာချထားသည့်အုပ်စု (RA) - (RA-2)၊ အကွက်အမှတ် (တ-၀၆) မြေကွက်အမှတ်(၀၇၇၉)(၀၇၈၀)(၀၇၈၁)(၀၇၈၂)(၀၇၈၃) ဇရိယာ အကျယ်အဝန်း(၁၀၀' x ၁၀၀')စီရှိ မြေကွက်(၅)ကွက်နှင့်တကွ ယင်းမြေကွက်(၅)ကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်(၅)ကွက်နှင့်တကွ ယင်းမြေကွက်(၅)ကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယာယီမြေပေးမိန့်အမှတ် (၅၁၁၆/၂၀၂၀) (၅၁၁၇/၂၀၂၀) (၅၁၁၈/၂၀၂၀) (၅၁၁၉/ ၂၀၂၀) (၅၁၂၀/၂၀၂၀)တို့အရ ဒေါ်ညိမ်းကြည် ၁/တတန(နိုင်)၁၀၄၄၀၇ အမည်ပေါက် မြေကွက်(၅)ကွက်ဖြစ်ပြီး ယင်းမြေကွက်(၅)ကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ညိမ်းကြည် ၁/တတန(နိုင်) ၁၀၄၄၀၇ မှ ၎င်းကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်(၅)ကွက်နှင့်တကွ ယင်းမြေကွက်(၅)ကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ညီမာ
LL.B (စဉ်-၃၅၅၇၀၆)၊ အထက်တန်းရှေ့နေ
အမှတ် (S-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်၊ မင်္ဂလာတောင်ညွှန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၈၆၀၇၂၀၃၇၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆)၊ ကန်တော်မင်္ဂလာလမ်း၊ မြေကွက်အမှတ် (၄၃၆)၊ အကျယ်အဝန်း (၄၀၀ × ၆၀ ပေ)ရှိ ဦးညီညီလွင် (၁၂/ စခန (နိုင်) ၀၄၃၀၈၈)နှင့် ဒေါ်သန္တာဝင်း (၁၁/ ကဖန (နိုင်) ၀၃၉၉၄၀)တို့ (၂)ဦးအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင်များဖြစ်သော ဦးညီညီလွင် နှင့် ဒေါ်သန္တာဝင်း တို့ (၂)ဦးထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဦးပြည်ဖြိုးအောင်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)
၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉၄၂၀ ၁၂ ၄၀၀၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂/ တိုးချဲ့)၊ ချမ်းမြေ့သာယာ(၂)လမ်း၊ မြေကွက်အမှတ် (၁၀၈)၊ အကျယ်အဝန်း (၄၀၀ × ၆၀ ပေ)ရှိ ဒေါ်မြင့်မွန် (၉/ မနမ (နိုင်) ၀၆၀၄၅၁) (EL-၀၄၁၈၈၄) အမည်ပေါက် ပါမစ်မြေကွက် အနက်မှတရားဝင်မခွဲမစိတ်ရ သေးသော မြေကွက်အမှတ်(၁၀၉)နှင့်ကပ်လျှက် (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အုန်းတင် (၁/ ဗတထ (နိုင်) ၀၃၁၂၁၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဦးပြည်ဖြိုးအောင်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)
၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉၄၂၀ ၁၂ ၄၀၀၃

သာပေါင်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း Software Program ထည့်သွင်းခြင်းလုပ်ငန်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိ

သာပေါင်း စက်တင်ဘာလ ၂

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနရုံး၌ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/ဖ)များ Software Program ဖြင့် Database ထည့်သွင်းဆောင်ရွက်နေမှု လုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့က စက်တင်ဘာ ၂ ရက်က ကြည့်ရှုစစ်ဆေးကြရာ လျာထားချက် အတိုင်း အချိန်မီပြီးစီးရေးကို နေ့စဉ် Software Program ရေးသွင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို အသေးစိတ် ရှင်းလင်းသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းဧရာထိုက်နှင့် အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်စေရေးနှင့် မြို့နယ်အတွင်းရှိ ပြည်သူတစ်ဦးချင်းကိုယ်ရေးအချက်အလက်များ မှန်ကန်စေရေး နိုင်(၄)မှတ်တမ်းများ၊ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/ဖ)များ တိကျမှန်ကန်မှုရှိစေရေးအတွက် မြို့နယ်အတွင်းရှိ အိမ်ထောင်စု လူဦးရေစာရင်းများကို e-ID စနစ်ဖြင့် Software ရေးသွင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် မြို့နယ်အိမ်ထောင်စု ပမာဏမူတည်ကိန်းအရ ရက်ပေါင်း ၆၀ အတွင်း အိမ်ထောင်စုပေါင်း ၄၁၉၀၇ စု၊ လူဦးရေ ၁၅၉၆၅၂ ဦးတို့ကို Database ရေးသွင်းရမည်ဖြစ်ပြီး ဇူလိုင် ၁၈ ရက်မှစတင်၍ နေ့ညမပြတ် အဖွဲ့ နှစ်ဖွဲ့ခွဲ၍ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂ ရက်အထိ အိမ်ထောင်စု ၂၃၇၅၀၊ လူဦးရေ ၉၁၄၆၈ ဦး၊ (၅၆ ဒသမ ၇ ရာခိုင်နှုန်း) ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။ **မျိုးဇော်သိန်း(ပြန်/ဆက်)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/2199, Toyota Lexus Rx 350, Station Wagon (4X2)L ယာဉ်လက်ပယ်ရှိသူ ဦးစိုင်းဆိုင်လောင် ၁၃/တယန(နိုင်)၀၇၇၃၂၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကည၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက် ကြီး(၁၇)၊ ဆင်ခေါင်းကြီး၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၆၆၇/ဆင်ခေါင်းရွာကွင်း)၊ ဦး ပိုင်အမှတ်(၃၅/၇)၊ မြေကွက်အမှတ်(၅၀)၊ မြေဧရိယာ အကျယ်အဝန်း(၀.၂၂)ဧကထဲမှ အကျယ်အဝန်းအရေ့ (၈၀)ပေ၊ အနောက်(၈၀)ပေ၊ တောင်(၆၀)ပေ၊ မြောက်(၆၀)ပေလက် ရှိမြေပေါ်ရှိအိုင်းအတာနှင့်မြေနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အား လုံး(အုတ်တံတိုင်း၊ သံပန်း၊ သံတံခါးဓတ်အပြီးအစီး)တို့ကို ဦးနန္ဒအောင် ၉/လဝန(နိုင်) ၁၄၀၉၆၊ ဦးအောင်အောင်ဖြိုး ၁၄/ရကန(နိုင်)၀၀၂၈၃၄၀မှ (အရပ်ကတိစာချုပ်)ဖြင့် ဒေါ်အေးဓာမွန် ၅/အတန(နိုင်) ၀၉၁၅၂၂ကစရန်ငွေတစ်စိတ် တစ်ဒေသကိုပေးချေပြီး ဝယ်ယူပြီးဖြစ်ပါသည်။အဆိုပါမြေကွက်/နေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားနှင့်လုံလုံလောက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်အေးဓာမွန်
၅/အတန(နိုင်)၀၉၁၅၂၂

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေမျိုးဇော်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၆၆)
"နိုင်"ဥပဒေအကျိုးဆောင်
အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊
ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၂၀၄၅၄၂၄

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက် ကြီး(၁)၊ ၁၄ထုံးဘိုကွင်း/အကွက်အမှတ်နှင့်အမည်(၁၄-က)ထုံးဘိုရပ်၊ ဦးပိုင်အမှတ်(၇၁)၊ မြေယာနံပါတ်(224)၊ မြေဧရိယာအကျယ်အဝန်း(၀.၃၇၆)ဧက(လက်ရှိမြေပေါ်ရှိအတိုင်း အတာ)မြေနေအိမ်နှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ၁။ ဒေါ်ဝင်းမုံဝေ ၉/မမန(နိုင်)၀၀၉၁၇၃ ၂။ဒေါ်ဝင်းမြင့်သန်း ၁၃/နစခ(နိုင်) ၀၀၁၈၉၂ ၃။ ဦးရဲမြင့် ၉/ပဥလ(နိုင်)၀၂၀၆၆၆၊ ၄။ ဒေါ်တင့်တင့်စိုး ၉/မမန(နိုင်) ၀၃ရ၈၁၅ ၅။ ဒေါ်ခင်ရီမြင့် ၉/ပဥလ(နိုင်)၀၂ရ၈၁၅ ၆။ ဒေါ်ခင်ဇနာထွေး ၉/မမန(နိုင်)၀ရ၃၉၃၃တို့ထံမှ (အရပ်ကတိစာချုပ်)ဖြင့် ဒေါ်ခိုင် ၉/ခအစ(နိုင်)၀၀၀ရ၇၁ က စရန်ငွေတစ်စိတ်တစ်ဒေသကိုပေး ချေပြီး၀ယ်ယူပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်/နေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားနိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာ ပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ခိုင်
၉/ခအစ(နိုင်)၀၀၀ရ၇၁

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေမျိုးဇော်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၆၆)
"နိုင်"ဥပဒေအကျိုးဆောင်
အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊
ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၂၀၄၅၄၂၄

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက် ကြီး(၁)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(RAIII)၊ ကွက်ပြင်ဦးပိုင်အမှတ်(၇၇/၆)၊ မြေကွက်အမှတ်(၂၀/၂၄)မြေဧရိယာအကျယ်အဝန်း(၀.၄၅)ဧကထဲမှ အကျယ်အဝန်းအရေ့ (၅၀)ပေ၊ အနောက်(၅၀)ပေ၊ တောင်(၄၇)ပေ၊ မြောက်(၄၈)ပေ(လက်ရှိမြေပေါ်ရှိ အတိုင်းအတာ)အကွက်အမှတ် (B-4)နှင့်မြေနေအိမ် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ် ရပ်အားလုံးကို ဦးအာကာလင်း ၉/မရတ(နိုင်)၁၀၇၉၈၀တို့ထံမှ (အရပ်ကတိစာချုပ်)ဖြင့် ဦးလှမြင့်အောင် ၉/မမန(နိုင်)၀၁၅၁၅၁က စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီး ဝယ်ယူပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်/နေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားနိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးလှမြင့်အောင်
၉/မမန(နိုင်)၀၁၅၁၅၁

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေမျိုးဇော်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၆၆)
"နိုင်"ဥပဒေအကျိုးဆောင်
အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊
ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၂၀၄၅၄၂၄

ကန့်ကွက်နိုင်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ တလိုင်းစု ရပ်ကွက်၊ အမှတ် ၁၅ တလိုင်းစု၊ ဦးပိုင်အမှတ်(၄/၂၇၈)၊ ဧရိယာ ၈က ၀ဒသမ ၀၅၈၊ မြေအမည်ပေါက် ဦးတင်ဦး အမည်ပေါက် မြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ ၁၀ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဧရာ၀င်း(LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၆၅၅)
အမှတ်(3/B)၊ ခြေသုံ့သုံးကောင်လမ်း၊ ဆိပ်ငယ်ရပ်၊ မြိတ်မြို့
ဖုန်း-၀၉-၄၂၂၂၀၀၀၂၊ ၀၉-၄၄၀၇၁ဂ၇၃၄
ayar007@gmail.com

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏ ဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိ ဦးမြင့်ခိုင် ၁၂/သကတ(နိုင်) ၀၂၆ ၀၀၄ (ဘ)ဦးပွ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(၀-၂၂၁၇၆) ကို ရန်ကုန်မြို့စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၁၃၅/၂၀၂၂(၂၄-၂-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ် ရရှိထားသူ ဒေါ်ချစ်ချစ်စံ ၉/မနမ(နိုင်) ၁၁၆၄၆၃(ဘ)ဦးမြင့်သိန်းမှ ဒေါ်တင်တင်ဇော် ၈/မကန(နိုင်) ၀၅၂၇၆စနှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများ နှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ စိုးစံ ကိုယ်ပိုင် အထက်တန်းကျောင်း Grade-4မှ ဓောင်ဘုန်းမင်းပိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်တေဇော်ဦး ၁၂/ဒဂမ(နိုင်)၀၁၄၉၈၆ ဖြစ်ပါကြောင်း။

ဦးကျော်တေဇော်ဦး

သွေးသည် အသက်

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဓဋ္ဌပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
တောင်ကြီးခရိုင်တရားရုံး
၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄၂

ဦးအောင်စည်ဟိန်း — တရားလို
နှင့်
ဦးအောင်ညွန့် — တရားပြိုင်

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၁၂၈/၂) ၁၂၉)နေ ဦးအောင်ညွန့် (ယခုနေရပ်လိပ်စာမသိ)အား သိစေရမည်။

